# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများပါမကျန် အားပေးကူညီ ဆောင်ရွက်လျက်ရှိ

## တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၁)ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်အမှာစကား

### ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

လာမယ့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ ကျွန်တော်တို့ နိုင်ငံရဲ့ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ယနေ့ထက်တိုင် ကမ္ဘာမှာ ခိုင်မာစွာ ရပ်တည်နိုင်ဖို့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး တူညီဆန္ဒများဖြင့် ပြည်ထောင်စုအုတ်မြစ် တည်ဆောက်ခဲ့ကြပါတယ်။ ဒီလိုအနှစ်သာရနဲ့ ပြည့်ဝလှတဲ့ စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ဒီနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကြည့်ရှုအားပေးနေကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်သွေးစည်းမှုနဲ့ ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ခိုင်မြဲစေမည့် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကို တိုင်းရင်းသားလူမျိုးများရဲ့

*စာမျက်နှာ ၃ ကော်လံ ၁✳*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၂၁)ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားစဉ်။




## သွေးချင်းတို့ရဲ့ပွဲတော်ဆီမှသည်

ပြင်းပြသော အလိုဆန္ဒသည် အောင်မြင်ပြီးမြောက်ရန်အတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ကြီးမားထက်သန်ပြင်းပြသောဆန္ဒက အထွတ်အထိပ်သို့ရောက်ပြီး အကြီးအမှူးပြုသည့်အခါ မည်မျှခက်ခဲသည့် အလုပ်ပင်ဖြစ်စေကာမူ အောင်မြင်ပြီးမြောက်နိုင်စေမည့် စွမ်းအားတန်ခိုးသတ္တိတို့ထွက်ပေါ်လာသည်။ ဗုဒ္ဓမြတ်စွာဘုရားက "ဆန္ဒဝတောကိ နာမကမ္မံ န သိဇ္ဈတိ" ဆန္ဒကြီးမား ပြင်းပြသူအတွက် မပြီးမြောက်နိုင်သော အလုပ်ဟူသည်မရှိ ဟူ၍ ဟောကြားတော်မူခဲ့သည်။

ဘဝတွင် အောင်မြင်လိုသူတစ်ဦးသည် အောင်မြင်လိုသည့် ဆန္ဒအဓိပတိ တပ်လာသည့်အခါ မုချမသွေ အောင်မြင်မည်သာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာလည်း နိုင်ငံကို ဦးဆောင်သူနှင့် နိုင်ငံသူ နိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်လိုသည့်ဆန္ဒ ပြင်းပြစွာဖြင့် မဖြစ်မနေ ဦးထမ်းပဲ့ထမ်း ဆောင်ရွက်ကြပါက ဖွံ့ဖြိုးတိုးတက်လာရမည်သာဖြစ်သည်။

"ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ သက်ဆိုင်တဲ့ ဆွေးနွေးပွဲတွေ၊ အခမ်းအနားတွေမှာ အမြဲပြောဆိုတဲ့ စကားရှိပါတယ်။ ဒါကတော့ 'ဆန္ဒ' ပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိုလိုချင်ရင် ငြိမ်းချမ်းရေးကိုလိုချင်တဲ့ စစ်မှန်တဲ့ဆန္ဒ ရှိရမှာဖြစ်ပါတယ်။ ဒီလိုပါပဲ၊ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုတယ်၊ သာယာဝပြောစေလိုတယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်သာယာဝပြောလိုတဲ့ ဆန္ဒနဲ့ လုပ်ဆောင်ချက်တွေ ရှိရပါမယ်။ ဒီဆန္ဒ၊ သဘောထားနဲ့ ကျွန်တော်တို့ရဲ့ တစ်ပေါင်းတစ်စည်းတည်း စုပေါင်းဆောင်ရွက်မှုတွေရှိလာရင် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးအတွက် မဖြစ်နိုင်စရာဆိုတာ မရှိဘူးဆိုတာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ကျွန်တော်တို့ ဘယ်လိုကျော်လွှားခဲ့ကြသလဲဆိုတာက ထင်ရှားတဲ့သက်သေဖြစ်ပါတယ်။" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၂၁)ပွဲတော်ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကြီး တည်ဆောက်ရာတွင် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော ထက်သန်ပြင်းပြသည့် ဆန္ဒထားရှိကြရေးအတွက် တိုက်တွန်းခဲ့ခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံကြီးဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟူသည် ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ပြည်နယ်အားလုံးနှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ယင်းသို့ ဖွံ့ဖြိုးတိုးတက်စေရန် တူညီသောဆန္ဒများ၊ ထက်သန်ပြင်းပြစွာဖြင့် အားထုတ်ကြိုးပမ်းလုပ်ဆောင်ကြရန်လိုသည်။ တိုင်းဒေသကြီးတစ်ခုစီ၊ ပြည်နယ်တစ်ခုစီက ပြင်းထန်သော ဆန္ဒများဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုကြီးတစ်ခုလုံးအနေဖြင့်လည်း တစ်ပေါင်းတစ်စည်းတည်းသော ထက်သန်သည့် ဆန္ဒဖြင့် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"အမည်ရှိ ပွဲတော်များက တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တစ်နှစ်တစ်ခါ ဆုံတွေ့ခွင့်ရကြသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ချစ်ကြည်သွေးစည်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ခိုင်မြဲစေရေးအတွက် ကြီးစွာအထောက်အကူဖြစ်စေသည့် ပွဲတော်လည်းဖြစ်သည်။ တိုင်းရင်းသားတို့၏ စီမံခန့်ခွဲမှု၊ နိုင်ငံတော်၏ ကူညီပံ့ပိုးမှုတို့ဖြင့် ရှေ့တွင် နှစ်ကြိမ်ကျင်းပနိုင်ခဲ့ပြီးသော ပွဲတော်တို့မှာ အောင်မြင်စည်ကားသိုက်မြိုက်ခဲ့သလို ကိုဗစ်-၁၉ ကူးစက်မြန် ကပ်ရောဂါကြောင့် ရပ်သံပွဲတော်အဖြစ် ကျင်းပရသည်။ ယခုတတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၂၁)သည်လည်း ပွဲတော်၏ အနှစ်သာရပြည့်ဝစွာဖြင့် ပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်မည်ဟု ယုံကြည်မိသည်။ အောင်မြင်ရေးအတွက် ဆန္ဒာဓိပတိက ဦးဆောင်သည်။ သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်စေသည်အထိ ဆန္ဒာဓိပတိက ဦးဆောင်သွားမည်ဟုလည်း မမိုတ်မသုန် ယုံကြည်ပါကြောင်း။ ။

## မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေး



**မန္တလေး ဒီဇင်ဘာ ၁၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော New Hope (Myanmar) Company Limited ၏ တိရစ္ဆာန်အစာများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးရာ ကုမ္ပဏီ၏ Managing Director Mr. Zhao HuaRong က လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးအတွက် လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာ အုပ်စုရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော နို့၊ ပဲနို့၊ အချိုရည်အမျိုးမျိုးနှင့် ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နေသည့် Europe & Asia Beverages Company Limited သို့ရောက်ရှိခဲ့ပြီး ကုမ္ပဏီ၏ Executive Director ဦးဇော်ထွန်းနိုင်က စက်ရုံလုပ်ငန်းလည်ပတ်နေမှု၊ ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးကွက်တိုးချဲ့ရရှိရေး၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်သွားမည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ အကြံပြုညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ် ကမ္ဘာကျေးရွာအုပ်စုနှင့် ရေကြည်ပေါက်ကျေးရွာအုပ်စုရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများ တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်နေသော Aung Kan Bo Motorcycle Industrial Company Limited သို့ ရောက်ရှိပြီး ကုမ္ပဏီ၏ Managing Director ဦးကျော်ကျော်မင်းက လုပ်ငန်းဆောင်ရွက်နေမှု၊ အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပေးခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တင်သွင်းသည့်ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ ငါးစီးဖြင့် နှာခေါင်းစည်း(Mask) ၃၇ တန် တင်သွင်းခဲ့သည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၁ ရက်အတွင်း ကုမ္ပဏီ ၃၅ ခုမှ ယာဉ်စီးရေ ၇၇ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်ဖြင့် ၁၈၅ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၈၂၀၊ Oxygen Plant တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၅၁၄ ခုနှင့် နှာခေါင်းစည်း (Mask) ၃၉၄ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၁ ရက်အတွင်း ပြည်ပမှတင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်စုစုပေါင်း ၁၀ စီးမှာ ရန်ကုန်မြို့သို့ ခုနစ်စီး၊ မန္တလေးမြို့သို့ နှစ်စီးနှင့် မုံရွာမြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant တစ်ခုမှာ မန္တလေးမြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်၌ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုတို့မှ Mask ၃၅၇၇၀ Kg၊ Infusion ၅၆၀၀၊ Syringe ၂၂၅၂၀ တို့ကို ထုတ်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားညီနောင်များ အားလုံးတန်းတူ ခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ စစ်မှန်တဲ့ ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။**

❖ **နိုင်ငံတော်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေဖို့လိုအပ်ပါတယ်။ ဒါမှသာ မတူကွဲပြားမှုတွေကို အပြန်အလှန်အသိအမှတ်ပြု လေးစားလိုက်နာပြီး ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။**

※ *ရှေ့ဖုံးမှ*
ရိုးရာယဉ်ကျေးမှု၊ အနုပညာများ ပိုမိုဖော်ထုတ်နိုင်ဖို့၊ ရပ်ရွာအခြေပြုတိုင်းရင်းသားဒေသ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နှင့် တိုင်းရင်းသားတို့၏ နေထိုင်ရာဒေသများမှ ဒေသတွင်းထုတ်ကုန်များ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ တိုင်းရင်းသားတို့၏ ရိုးရာအစားအစာများကိုသိရှိစေပြီး တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပထမအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၁၉)ပွဲတော်ကို ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းက ဦးဆောင်ပြီး ပြုလုပ်ခဲ့ကြပါတယ်။ ဒုတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀)ပွဲတော်ကို ကယားတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက အဓိကဦးဆောင်ပြီး ပြုလုပ်ခဲ့ကြပါတယ်။ ယခု တတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" (၂၀၂၁) ပွဲတော်ကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရတဲ့ အခြေအနေကြောင့် မြေပြင်တွင် ကျင်းပနိုင်ခြင်းမရှိသည့်အတွက် ရုပ်သံပွဲတော်အဖြစ် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက များနဲ့ ကျင်းပဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားညီနောင်များအားလုံး တန်းတူ ခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ စစ်မှန်တဲ့ ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၂ မှာလည်း နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေဖို့ ကူညီဆောင်ရွက်မည်၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်တို့ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးဦးတည်ချက်တွင်ပါရှိသည့် "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" စတဲ့ အချက်များကို သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေဖို့လိုအပ်ပါတယ်။ ဒါမှသာ မတူကွဲပြားမှုတွေကို အပြန်အလှန်အသိအမှတ်ပြု လေးစားလိုက်နာပြီး ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် အဓိကအခြေခံရမည့်အချက်က ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသည့် ဒို့တာဝန်အရေး(၃)ပါးပဲ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ကျစ်လျစ်ခိုင်မာတဲ့ ညီညွတ်တဲ့ စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ကျရောက်လာတော့မယ့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် (တစ်) ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ် (နှစ်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေဖို့အတွက် လုပ်ဆောင်မည့် လုပ်ငန်းရပ်များ ချမှတ်တာ၊ တိုင်းရင်းသားများပါဝင်တဲ့ ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းတာနဲ့ လက်တွေ့လုပ်ငန်းရပ်များ ဆောင်ရွက်တာဆိုတဲ့ အဆင့် ၃ ဆင့်ကို ဆောင်ရွက်သွားမှာဖြစ်ပြီး ဒီကိစ္စရပ်တွေအတွက် တိုင်းရင်းသားပြည်သူလူထုနဲ့ ပါဝင်ပတ်သက်ရမယ့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များ ရယူတာ၊ အသိပေးတာ၊ ပညာပေးတာတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရာမှာတော့ သက်ဆိုင်ရာ တိုင်းရင်းသားများ၊ သက်ဆိုင်သူများ ကိုယ်တိုင်ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနဲ့ မြှင့်တင်နိုင်ရေး ဆောင်ရွက်တာ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဆင့်ဆင့်နဲ့ EAO အဖွဲ့များ တိုက်ရိုက်ဆွေးနွေးတာ၊ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်တာ၊ NCA လက်မှတ် မထိုးရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်ပြီး ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းလာစေရေး၊ နှစ်ဖက် သဘောတူညီချက်များ ရရှိစေရေးတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့သက်ဆိုင်တဲ့ ဆွေးနွေးပွဲတွေ၊ အခမ်းအနားတွေမှာ အမြဲပြောဆိုတဲ့ စကားရှိပါတယ်။ ဒါကတော့ "ဆန္ဒ" ပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိုလိုချင်ရင် ငြိမ်းချမ်းရေးကိုလိုချင်တဲ့ စစ်မှန်တဲ့ ဆန္ဒရှိရမှာဖြစ်ပါတယ်။ ဒီလိုပါပဲ။ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုတယ်၊ သာယာဝပြောစေလိုတယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်သာယာဝပြောလိုတဲ့ ဆန္ဒနဲ့ လုပ်ဆောင်ချက်တွေရှိရပါမယ်။ ဒီဆန္ဒ၊ သဘောထားနဲ့ ကျွန်တော်တို့ရဲ့ တစ်ပေါင်းတစ်စည်းတည်း စုပေါင်းဆောင်ရွက်မှုတွေရှိလာရင် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးအတွက် မဖြစ်နိုင်စရာဆိုတာ မရှိဘူးဆိုတာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ကျွန်တော်တို့ ဘယ်လိုကျော်လွှားခဲ့ကြသလဲဆိုတာက ထင်ရှားတဲ့ သက်သေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း အမြင့်မားဆုံးအချိန် ဇူလိုင်လမှာ ပိုးတွေ့ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းနီးပါးထိရှိခဲ့တယ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနဲ့ အဖွဲ့အစည်းအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ၃ / ၄ လခန့်အကြာမှာ ပိုးတွေ့ရာခိုင်နှုန်းဟာ ၂ ရာခိုင်နှုန်းခန့်သာ ရှိပါတော့တယ်။ ဒါဟာ စည်းလုံးခြင်း၊ စည်းကမ်းလိုက်နာခြင်းနဲ့ ပြင်းပြတဲ့ ဆန္ဒနဲ့ လုပ်ဆောင်ခြင်းတို့ရဲ့ လက်တွေ့ရလဒ်ပဲဖြစ်ပါတယ်။ ဒီလို ကောင်းမွန်တဲ့ လုပ်ဆောင်ချက်နဲ့ စိတ်ဓာတ်တွေကို ကျွန်တော်တို့ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရပါမယ်။ ဒီကနေတစ်ဆင့် ပြည်ထောင်စုရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို ချီတက်ကြပါမယ်။

နိုင်ငံတော်၏ အဓိကလိုအပ်ချက်တို့မှာ ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ တိုင်းရင်းသားဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးတို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ ပါမကျန် အားပေးကူညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းလာမှုများကို ပြန်လည်တည်ဆောက်နိုင်ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်များမဆို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာရေးဟာ တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်လို့ မရနိုင်ပါဘူး။ တိုင်းရင်းသားပြည်သူများ အားလုံးရဲ့ စုပေါင်းအားနဲ့သာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ နိုင်ငံနှင့် တိုင်းရင်းသားများရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တိုင်းရင်းသားများ၏ စုစည်းမှုအားဖြင့် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်-

(၁) ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များမှာ တိုင်းရင်းသားအားလုံး၊ သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါ။

(၂) နိုင်ငံတော်မှာ လိုအပ်လျက်ရှိတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာလာစေရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေဖို့အတွက် တိုင်းရင်းသားပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါ။

(၃) တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာ ဖူလုံစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။

(၄) တိုင်းရင်းသားများရဲ့ မတူကွဲပြားမှုများကို အပြန်အလှန် အသိအမှတ်ပြုလေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းလာမှုများကို ပြန်လည်တည်ဆောက်နိုင်ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်များမဆို တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာရေးဟာ တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်လို့ မရနိုင်ပါဘူး။ တိုင်းရင်းသားပြည်သူများ အားလုံးရဲ့ စုပေါင်းအားနဲ့သာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။**

# တတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁)" ဖွင့်ပွဲအခမ်းအနားကျင်းပ

## သွေးချင်းတို့ရဲ့ ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းအားဖြင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် လေးစားမှုများ ရရှိစေမည်ဟု ယုံကြည်

နေပြည်တော် ဒီဇင်ဘာ ၁၁

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တတိယအကြိမ် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁) " ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ Virtual စနစ်ဖြင့် ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ဂုဏ်ပြုသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးယောဆက် တို့က တတိယအကြိမ် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁)" ကို Virtual စနစ်ဖြင့် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးယောဆက်တို့က တတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) " ကို Virtual စနစ်ဖြင့် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် Video Message အဖွင့်အမှာစကားကို ဖွင့်လှစ်ပြသသည်။ **(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်အမှာစကား အပြည့်အစုံကို ရှေ့ဖုံးတွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ဝမ်းမြောက်စကား ပြောကြားရာတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသည် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုများ၊ အနုပညာများ ဖော်ထုတ်ပြသနိုင်ရေး၊ တိုင်းရင်းသားဒေသအသီးသီးတွင် ရုပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ အကျိုးပြုမြင့်တင်နိုင်ရေး၊ မိမိတို့ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို တိုင်းရင်းသားများ အချင်းချင်းသာမက အခြားနိုင်ငံများကပါ သိရှိလာစေရေး၊ တောတောင်ရေမြေအလှများ သိရှိလာစေရေး၊ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များ၊ ရိုးရာအဝတ်အထည်များ စသည်တို့ကို နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးနိုင်ရေး၊ တိုင်းရင်းသားဒေသများတွင် အလုပ်အကိုင် အခွင့်အရေးများ ပိုမိုရရှိလာစေရေးနှင့် တိုင်းရင်းသားများ၏ စုစည်းမှု၊ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းစွာ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်တတ်မှုနှင့် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေရန် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကို ကျင်းပဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။

### စုပေါင်းအားဖြင့် တိုင်းပြည်တည်ဆောက်ခဲ့

မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်သာ မိမိတို့၏ နိုင်ငံကို ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက် နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများသည် မတူကွဲပြားသည့် နောက်ခံ သမိုင်းကြောင်းများ ရှိသော်လည်း စုပေါင်းအားဖြင့် တိုင်းပြည် တည်ဆောက်ခဲ့ခြင်းများ ရှိပါကြောင်း၊ ထိုကဲ့သို့ မတူကွဲပြားမှုများကြောင့် အတွေးအမြင် ကွဲပြားခြားနားမှုလည်း ရှိနိုင်ပါကြောင်း။

တိုင်းရင်းသား လူမျိုးများ အချင်းချင်း မတူကွဲပြားမှုများကို လေးစားလိုက်နာပြီး အတွေးအမြင် မတူညီမှုများကို ဘေးဖယ်ကာ မိမိတို့ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒ၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်သည် မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်စနစ် ပိုမိုခိုင်မြဲလာစေရေး စုပေါင်းတည်ဆောက်ကြရမည့် အချိန်အခါဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ် ခိုင်မြဲမှုသာ ဖက်ဒရယ်စနစ်ကို မှန်ကန်စွာ ချဉ်းကပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ အချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာစေရန် တည်ဆောက် ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ တည်ဆောက်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဝမ်းမြောက်စကား ပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝမ်းမြောက်စကား ပြောကြားစဉ်။



မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဦးယောဆက် ဝမ်းမြောက်စကား ပြောကြားစဉ်။

### ဝမ်းမြောက်စကားပြောကြား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝမ်းမြောက်စကား ပြောကြားရာတွင် မကြာမီကာလတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျရောက်တော့မည် ဖြစ်ပါကြောင်း၊ ယခုလို အချိန်အခါတွင် တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းအားဖြင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်

စာမျက်နှာ ၅ သို့

## မတူတာတွေကိုဘေးဖယ်၊ တူညီတဲ့ကိစ္စတွေကို စုပေါင်းဆောင်ရွက်

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးစကာလမှာ လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြတဲ့ အင်အားစုတော်တော်များများဟာ လက်ဝဲယိမ်းသူတွေများပါတယ်။ ဒါ့ကြောင့် ဒီအဖွဲ့တွေကြား မတူတာတွေကို ဘေးဖယ်၊ တူညီတဲ့ကိစ္စတွေကို စုပေါင်းပြီး ပြည်တွင်းညီညွတ်မှုရစေဖို့၊ ဒီကမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရစေဖို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

လေးစားမှုများ ရရှိစေမည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားသွေးချင်းများ၏ ယဉ်ကျေးမှု ရိုးရာဓလေ့ ထုံးတမ်းများကို အပြန်အလှန် သိရှိခြင်းအားဖြင့် မိမိတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတို့ကို ထိရောက်စွာ အထောက်အကူဖြစ်ပါစေကြောင်းနှင့် မိမိတို့ တိုင်းရင်းသားများအားလုံး မျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအား မိမိတို့အားလုံး၏ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တည်ထောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

**အောင်မြင်စွာ ကျင်းပ**

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးယောဆက်က ဝမ်းမြောက်စကား ပြောကြားရာတွင် သွေးချင်းတို့ရဲ့ပွဲတော်ဆီ - ၂၀၁၉ ကို ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းက ဦးဆောင်၍ လည်းကောင်း၊ ဒုတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ - ၂၀၂၀ ကို ကယားတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက ဦးဆောင်၍လည်းကောင်း ကျိုက္ကဆံကွင်း၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် ကရင်တိုင်းရင်းသားများက ဦးဆောင်ရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြေပြင်၌ ကျင်းပနိုင်ခြင်းမရှိသည့်အတွက် အစဉ်အလာမပျက်အောင် ရုပ်သံလိုင်းများမှ တစ်ဆင့် Virtual စနစ်ဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

ယခုကာလသည် တစ်နိုင်ငံလုံး စီးပွားရေးနှင့် ဘဝရပ်တည်မှုဆိုင်ရာ အခက်အခဲအမျိုးမျိုးနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားနေရသည့် အချိန်ကာလဖြစ်ပါကြောင်း၊ ယခု မိမိတို့နိုင်ငံတွင် ဖြစ်နေသည့် အရာအားလုံး မကြာမီ အချိန်တိုအတွင်း ငြိမ်းချမ်းစွာ ပြီးဆုံးပါစေဟု ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားများ၏ ဒေသအလှအပနှင့် စိတ်ဝင်စားဖွယ်နေရာများကို ရိုက်ကူးထားသည့် Video ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရည်ရွယ်ချက်ကောင်းများ**

သွေးချင်းတို့၏ ပွဲတော်ဆီ ပွဲတော်ကို မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်စေရန်၊ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်ယုံကြည်စွာ ချစ်ခင်ရင်းနှီးမှုများ ရရှိလာစေရန်၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးတမ်း အစဉ်အလာများကို တိုင်းရင်းသားများ အချင်းချင်းသာမက အခြားနိုင်ငံများကပါ လေ့လာသိရှိနိုင်စေရန်၊ မြန်မာနိုင်ငံ၏ လှပသော တော၊ တောင်၊ ရေ၊ မြေ သဘာဝ အလှတရားများကို သိရှိခံစားနိုင်ကြစေရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများစွာဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကို ၂၀၁၉ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပခဲ့သည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေကြောင့် မြေပြင်တွင် ကျင်းပနိုင်ခြင်းမရှိသည့်အတွက် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၃၄)ခုရှိ ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး (၈၉၀)နေရာ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို စာစစ်ဌာန (၅)ခု၌ တစ်ပြိုင်တည်း ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် (၂/၂၀၂၁)၊ (၄/၂၀၂၁)၊ (၇/၂၀၂၁) နှင့် (၈/၂၀၂၁)တို့ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၃၄)ခုရှိ ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး (၈၉၀) နေရာ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့များရှိ စာစစ်ဌာန (၅) ခု၌ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

အဆိုပါ ရေးဖြေစာမေးပွဲ ကျင်းပနေမှုများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ အမှတ် (၇)နှင့် (၁၁) အခြေခံပညာအထက်တန်းကျောင်းများရှိ နေပြည်တော် စာစစ်ဌာနများသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မန္တလေးမြို့၊ အမှတ်(၈) နှင့် (၁၁) အခြေခံပညာအထက်တန်းကျောင်းများရှိ မန္တလေးစာစစ်ဌာနများသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဖြေဆိုသူများကို လိုက်လံအားပေးစကား ပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့် ပြန်တမ်းဝင်အဆင့် စတင်ခန့်အရာထမ်းရာထူးများကို ရွေးချယ်ပေးလျက်ရှိရာတွင် အရည်အချင်းကို အခြေခံ၍ လူမှန်၊ နေရာမှန်ဖြစ်စေရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များအား အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယခုရေးဖြေစာမေးပွဲသို့ လာရောက်ဖြေဆိုကြသူ စုစုပေါင်း ၂၉၇၇ ဦး ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဇေယျာသီရိမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေး

**ဇေယျာသီရိ ဒီဇင်ဘာ ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဇေယျာသီရိမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်း ပြုလုပ်ပေးခြင်းကို ခေတ်အေးကျေးရွာ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုကို လိုက်လံရှင်းလင်း ပြောကြားခဲ့သည်။

ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ခေတ်အေးကျေးရွာအုပ်စုမှ ပြည်သူ ၈၅ ဦးကို နေ့ချင်းပြီး One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အတွင်းရှိပြည်သူများ အနေဖြင့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်လိုပါက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ချိတ်ဆက်ပြီး မြို့နယ်ရုံးသို့ လာရောက်ပြုလုပ်နိုင်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဆီယံနိုင်ငံများဆိုင်ရာ သမုဒ္ဒရာရေရှည်တည်တံ့စေရေး အဆင့်မြင့်ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ဒူဘိုင်းကုန်စည်ပြပွဲ၏ အာဆီယံနိုင်ငံများဆိုင်ရာ သမုဒ္ဒရာရေရှည်တည်တံ့စေရေး အဆင့်မြင့်ဆွေးနွေးပွဲ (High– Level Forum) ကို ဒီဇင်ဘာ ၁၀ ရက်က United Arab Emirates (UAE) နိုင်ငံ ဒူဘိုင်းမြို့ Dubai Expo 2020 (Business Connect Centre)၌ ကျင်းပသည်။

### မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က မြန်မာနိုင်ငံအနေဖြင့် **Blue Ocean Economy သမုဒ္ဒရာရေရှည်တည်တံ့စေရေးဆိုင်ရာ** ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် အာဆီယံ၏လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံအစိုးရအချင်းချင်းနှင့် အစိုးရအဖွဲ့အစည်းများနှင့်သာမက ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိရာ ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခြင်းသည် ထင်ရှားသည့်သာဓကတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝပြီး နိုင်ငံ၏ ပထဝီအနေအထားအရ ကွဲပြားသော ရာသီဥတုများကို ပိုင်ဆိုင်ပါကြောင်း၊ နိုင်ငံမြောက်ပိုင်းတွင် နှင်းဖုံးသောရေခဲတောင်တန်းများတည်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထိုင်းနိုင်ငံနယ်စပ်အထိ ကမ်းရိုးတန်း အရှည်ကီလိုမီတာ ၃၀၀၀ ခန့်ရှိကြောင်း၊ နိုင်ငံတောင်ဘက်စွန်းတွင်တည်ရှိသော မြိတ်ကျွန်းစုသည် ကျွန်းပေါင်း ၈၀၀ ကျော်ခန့်ရှိပြီး သန္တာကျောက်တန်းများသည်လည်း သဘာဝအတိုင်း တည်ရှိဆဲဖြစ်ကြောင်း၊ ထို့အပြင် သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ တည်ထောင်ထားရှိသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အပါအဝင် ရွှေ့ပြောင်းကျက်စားသည့်ငှက်မျိုးများ ရာသီအလိုက် လာရောက်နားခိုရာဒေသများ၊ ပင်လယ် လိပ်မျိုးများ မျိုးမပြုန်းတီးစေရေး ကာကွယ်ထားသည့် ကျွန်းများနှင့် အခြားရေနေသယံဇာတ ထိန်းသိမ်းရေးဇုန်များလည်း တည်ထောင်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားလို

ယနေ့အစည်းအဝေးတွင် ပါဝင်တက်ရောက်သူများအနေဖြင့် Blue Ocean Economy သမုဒ္ဒရာရေရှည်တည်တံ့စေရေးဆိုင်ရာ လုပ်ငန်းများတွင် အောင်မြင်စွာ ဦးဆောင်ပါဝင် နေကြသူများဖြစ်ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဆွေးနွေးပွဲမှ ရရှိသည့် အတွေ့အကြုံများကို အားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ယခုဖိုရမ်တွင် နိုင်ငံအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်းများကိုအခြေခံ၍ မြန်မာနိုင်ငံတွင် အလားတူဆွေးနွေးပွဲများကို အိမ်ရှင်နိုင်ငံအဖြစ်ဆောင်ရွက်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




Secretary–General of ASEAN H.E. Dato Lim Jock Hoi ၊ H.E. Mr. James Alix Michel Founder and Executive Chairman of James Michel Foundation နှင့် ဦးဆောင်ဆွေးနွေးသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယနေ့ကျင်းပသည့် High Level Forum ကို James Michel Foundation၊ UAE နိုင်ငံအစိုးရနှင့် အာဆီယံအဖွဲ့တို့ပူးပေါင်း၍ Dubai Expo–2020 ဒူဘိုင်းကုန်စည်ပြပွဲ– ၂၀၂၀ ကာလအတွင်း ကျင်းပခဲ့ခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ရေလုပ်ငန်းဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများနှင့် UAE နိုင်ငံဝန်ကြီး၊ အာဆီယံအဖွဲ့ အတွင်းရေးမှူးချုပ်၊ James Michel Foundation ဥက္ကဋ္ဌနှင့် အခြားအစိုးရမဟုတ်သည့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ကြားပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နောင်လာမည့်ရွေးကောက်ပွဲတွင် နိုင်ငံသားအထောက်အထားကတ်ပြားတစ်ခုခုဖြင့် ကိုင်ဆောင်မဲပေးနိုင်ရေး ရှင်းလင်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဟာဗောဓိဘုန်းတော်ကြီးကျောင်းဝင်းအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တပ်ကုန်းမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရုံးပိတ်ရက်တွင် ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းကွင်းဆင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှု၊ နိုင်ငံသားတစ်ဦးချင်းစီ၏ လူမှုဘဝဆောင်ရွက်မှုတိုင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်မှုနှင့် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေရေးအတွက်အရေးကြီးသည့်အထောက်အထားဖြစ်မှု၊ နောင်လာမည့် ရွေးကောက်ပွဲ တွင်နိုင်ငံသားအထောက်အထား ကတ်ပြားတစ်ခုခုဖြင့် ကိုင်ဆောင်မဲပေးနိုင်ရေး၊ ရရှိပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားအား စနစ်တကျ ကိုင်တွယ် ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်ကုန်းမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နေ့ချင်းပြီးအခမဲ့ ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ဒေသခံပြည်သူများအား ပေးအပ်ကြပြီး တက်ရောက်လာကြသူများကို ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် ပါးစပ်နှာခေါင်းစည်း (Masks) များ ဝေငှပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပရဟိတအထက်တန်းကျောင်း နာယက၊ မဟာဗောဓိကျောင်း ဆရာတော် ဘဒ္ဒန္တ ဥဋ္ဌုရာဇဗုဒ္ဓိအား ဖူးမြော်ကြည်ညို၍ ဝန်ကြီးဌာနမှ ဒေသခံပြည်သူများအတွက် ပန်းခင်းစီမံချက် ဆောင်ရွက်ပေးမှုနှင့် သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စု ၃၅ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်၏ စီမံချက်တစ်ခုဖြစ်သည့် ပန်းခင်းစီမံချက်ကို မိမိတို့ဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော်လည်း ဆက်စပ်ဌာနများ အပါအဝင် ပြည်သူအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် မရှိမဖြစ်အရေးပါမှု၊ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်မှုတို့အား ပြည်သူများသိရှိနားလည်နိုင်ရေးအတွက် အသိပညာပေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးအဖွဲ့တစ်ခုဖြစ်သည်နှင့်အညီ မိမိတို့၏ ရပ်ကွက်/ ကျေးရွာများအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများ၏ စာရင်းအား စနစ်တကျပြုစု၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများနှင့်ချိတ်ဆက်ကာ ရွှေ့ပြောင်းလျှောက်လွှာများ ရယူဖြည့်သွင်းခြင်း၊ ကွင်းဆင်းဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း၊ ပန်းခင်းစီမံချက်သည် သတ်မှတ်ကာလအတွင်း၊ သတ်မှတ်အရေအတွက်အတိုင်းပြီးစီးရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် ရပ်ကွက်/ ကျေးရွာအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူ နိုင်ငံသားများ မကျန်ရှိစေရေး၊ နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် မဖြစ်မနေဆောင်ရွက်ကြရမည့် စီမံချက်အဖြစ် သတ်မှတ်ကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက တက်ညီလက်ညီပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေကြောင်းလိုင်းများ၏ ဖွဲ့စည်းမှုနှင့် စီးပွားရေးဆိုင်ရာ Business Plan များ ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်) ဆူးလေဆိပ်ကမ်း အလုံမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ဆိပ်ကမ်းဝန်ဆောင်မှု ဆောင်ရွက်နေကြသော ဆိပ်ကမ်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏လုပ်ငန်းတာဝန်များ၊ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ ရန်ကုန်မြစ် ရေလမ်းကြောင်းအသစ်ကိုအသုံးပြု၍ တန်ချိန်ပိုမိုများပြားသည့် ကုန်တင်သင်္ဘောကြီးများကို လက်ခံ၊ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေ၊ ရန်ကုန်ဆိပ်ကမ်းနှင့် ဆိပ်ကမ်းတံတားအလိုက် ကုန်ကိုင်တွယ်နိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ရေကြောင်းမှ ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာကိုင်တွယ်ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် အဆင့်မြှင့်တင်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများ ဖြည့်တင်းခြင်း၊ တိုးတက်ပြောင်းလဲလာနေသည့် နည်းပညာများကို ဆိပ်ကမ်းလုပ်ငန်းများတွင် ထိရောက်အကျိုးရှိစွာ အသုံးချခြင်း၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့်ပျိုးထောင်ပေးခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ရေလမ်းကြောင်းအသစ် ရှာဖွေဖော်ထုတ်နိုင်ခဲ့သဖြင့် နိုင်ငံတော်နှင့် ဌာနအတွက်သာမက သင်္ဘောလိုင်းများနှင့် ဆိပ်ကမ်းတံတား ဝန်ဆောင်မှုလုပ်ငန်းများအတွက်ပါ အကျိုးရလဒ်များ ပေါ်ထွန်းလာပြီဖြစ်သောကြောင့် ဌာန၏ကြိုးပမ်းအားထုတ်စွမ်းဆောင်ခဲ့မှုကို အသိအမှတ်ပြုပါကြောင်း၊ ရေလမ်းကြောင်းသစ် ပြန်လည်တိမ်ကောသွားနိုင်မှုကို မျက်ခြည်မပြတ်စောင့်ကြည့်ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဆိပ်ကမ်းဝန်ဆောင်မှု ဆောင်ရွက်နေကြသော ဆိပ်ကမ်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာအခက်အခဲများ တင်ပြခဲ့မှုအပေါ် ဌာနနှင့် လုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး ညွှန်ကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဆူးလေဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ပင်လယ်ကူးသင်္ဘောကြီး သုံးစင်းပေါ်သို့ ဘယ်လ်ဂျီယံနိုင်ငံနှင့် အာဖရိကနိုင်ငံများသို့ တင်ပို့သွားမည့် ဆန်တန်ချိန် ရှစ်သောင်းကျော် တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အလုံမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနရုံးသို့ရောက်ရှိပြီး မကြာမီဆိုက်ကပ်လာမည့် သင်္ဘောဆိုင်ရာ အချက်အလက်များကို အီလက်ထရွန်နစ်နည်းစနစ်အသုံးပြု၍ လျင်မြန်စွာ ဆောင်ရွက်နေမှု၊ အကောက်ခွန်ဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက်မှု၊ ကုန်ပစ္စည်းပိုင်ရှင်များသို့ ကုန်ပစ္စည်း ထုတ်ပေးမှုအမိန့် (Delivery Order) ထုတ်ပေးသည့် လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး အီလက်ထရွန်နစ်စနစ်ကို ရေရှည်အသုံးပြုနိုင်ရန်အတွက် စနစ်တကျ ထိန်းသိမ်းကိုင်တွယ်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Domestic Terminal သို့ရောက်ရှိပြီး လေဆိပ်အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံလေကြောင်းလိုင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ခေတ္တညွှန်ကြားရေးမှူးချုပ်က နိုင်ငံသားပိုင် ပြည်တွင်းလေကြောင်းလိုင် များ၏ စတင်တည်ထောင်ခဲ့မှုနှင့် လေယာဉ်ပိုင်ဆိုင်မှု၊ လေကြောင်းဆိုင်ရာဥပဒေနှင့် နည်းဥပဒေဆိုင်ရာကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကယ်ဆယ်ရေးနှင့် ကုန်စည် (Relief and Cargo) ခရီးစဉ်ပျံသန်းမှုများ၊ ပြည်တွင်း ခရီးစဉ်ပြေးဆွဲပျံသန်းမှုကို ရှင်းလင်းတင်ပြပြီး လေကြောင်းလိုင်းများအလိုက် တာဝန်ရှိသူများက လေယာဉ်ပြေးဆွဲပျံသန်းမှုနှင့်အခက်အခဲများကြုံတွေ့နေရမှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လေယာဉ်အမှုထမ်းများ၊ ခရီးသည်များ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းသိမ်းရေးအတွက် လိုက်နာဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။ (ဓာတ်ပုံ)

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုအခါ လေကြောင်းလိုင်းများ တိုးချဲ့ပေါ်ပေါက်လာနေပြီဖြစ်၍ ယခင်လေကြောင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်း ခေတ်စနစ်နှင့်လျော်ညီစွာ ပြန်လည်သုံးသပ်ဖြည့်စွက်ထုတ်ပြန်နိုင်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားသည့်ကာလတွင် လေကြောင်းလိုင်းများအားလုံးသည် ကမ္ဘာ့လေကြောင်းလိုင်းများအားလုံးနည်းတူ အခက်အခဲများစွာကို ရင်ဆိုင်နေရသည်ဖြစ်ရာ ထိုအခက်အခဲများကို ကြံ့ကြံ့ခံလျက် ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည့် လေကြောင်းလိုင်းများအားလုံးကို အသိအမှတ်ပြုပါကြောင်း။

လေဆိပ်များ အားလုံးတွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ခရီးသွား ပြည်သူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး လေယာဉ်ကွင်းအလိုက် သတ်မှတ်ထားသော အဆင့်အတန်းနှင့် လျော်ညီစွာသတ်မှတ်ထားသည့် "စံ" များအတိုင်း ဦးစားပေး အစီအစဉ်အလိုက် ဖြည့်ဆည်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာတွင်လည်း အလွန်အရေးကြီးပါသဖြင့် လုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လေဆိပ်များတွင် CCTV စနစ်များထားရှိရာ ကောင်းမွန်နေရန်လည်း လိုအပ်ပါကြောင်း၊ လေဆိပ် ဝင်/ထွက်ခွင့်ကိစ္စများတွင်လည်း လစ်ဟာမှုမရှိအောင် သတ်မှတ်ထားသော စနစ်များ၊ လုပ်ထုံးလုပ်နည်းများကို အမြဲသုံးသပ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လေကြောင်းလိုင်းများအနေဖြင့် ကိုဗစ်-၁၉ ကာလ အခက်အခဲများကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားနိုင်ရန် လိုအပ်ပါကြောင်း၊ လေကြောင်းလိုင်းများ၏ ဖွဲ့စည်းမှုနှင့် စီးပွားရေးဆိုင်ရာ Business Plan များကို ပြန်လည်သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လေဆိပ်အတွင်း မြန်မာအမျိုးသားလေကြောင်း၏ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံသို့ သွားရောက်ကာ လေယာဉ်များ ပုံမှန်မွမ်းမံ၊ ပြင်ဆင်မှုဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းအပြည့်အဝဖြင့် စစ်ဆေးရေး၊ မွမ်းမံ၊ ပြင်ဆင်ရေးတို့အတွက် ဆောင်ရွက်သွားရမည့် အစီအမံများ၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြေးဆွဲပျံသန်းနိုင်ရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ဧည့်ဝတီဂေါက်ကလပ် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းဖွင့်ပွဲ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၁**

(၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဧည့်ဝတီဂေါက်ကလပ် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဧည့်ဝတီဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဧည့်ဝတီဂေါက်ကလပ် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းဖွင့်ပွဲကို အဆိုပါ လေ့ကျင့်ရေးကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းမောင်တို့က လေ့ကျင့်ရေးကွင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ်ပေါင်းစုံမှ ဂေါက်သီးရိုက်ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး လေ့ကျင့်ရေးကွင်းအဆောက်အုံအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က Smoke ball ရိုက်ပြီး ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းသားများက သတ်မှတ်နေရာအသီးသီးမှစတင်ကာ ယှဉ်ပြိုင်ကစားကြသည်။



အဆိုပါပြိုင်ပွဲတွင် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၃၁ သင်း၊ ကစားသမား ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(နော်ဝေနိုင်ငံ)

နိုးနိုးမေ

**နိဒါန်း**

နော်ဝေနိုင်ငံသည် စကင်ဒီနေးဗီးယား (Scandi-navian) ကျွန်းဆွယ်၏ အနောက်မြောက်ဘက်တွင် တည်ရှိပါသည်။ နော်ဝေနိုင်ငံသည် ဆွီဒင်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ နော်ဝေနိုင်ငံသည် အာတိတ်စက်ဝိုင်းအတွင်း၌ တည်ရှိသည့်အတွက် နှစ်တစ်နှစ်၏ မေလမှ ဇူလိုင်လအတွင်း ဖြ၉ ရက်သည် နေမဝင်သောကြောင့် ညဥ့်သန်းခေါင်ချိန်အထိ နေထွက်နေသောမြို့ဟူ၍ တင်စားခေါ်ဝေါ်ကြပါသည်။ လူဦးရေစုစုပေါင်း ၅၄ သန်းကျော်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းကျော်ရှိပါသည်။ ၃၈၅၁၇၉ စတုရန်းမိုင်ကျယ်ဝန်းပြီး ၉၄ ရာခိုင်နှုန်းမှာ ကုန်းမြေဖြစ်ပါသည်။ နော်ဝေနိုင်ငံသည် ကမ္ဘာပေါ်တွင် တရားမျှတမှုရှိပြီး ဖွံ့ဖြိုးမှုအမြင့်ဆုံး ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရသော နိုင်ငံဖြစ်ပါသည်။

**အုပ်ချုပ်ရေး**

နော်ဝေနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးပြီး အုပ်ချုပ်ရေးအာဏာအား ဝန်ကြီးချုပ်ဦးဆောင်သည့် နိုင်ငံတော်ကောင်စီမှ ကျင့်သုံးသည်။ နိုင်ငံတော်ကောင်စီသက်တမ်းကုန်ဆုံး၍ တာဝန်အလွှဲအပြောင်းပြုလုပ်သည့်အခါ ဘုရင်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရသည်။ ဘုရင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည်။ နိုင်ငံတော်ကောင်စီတွင် ဝန်ကြီးချုပ်နှင့် အနည်းဆုံးဝန်ကြီးခုနစ်ဦးတို့ပါဝင်သည်။ နိုင်ငံတော်ကောင်စီသည် ဘတ်ဂျက်အဆိုပြုလွှာများနှင့် အစိုးရငွေတောင်းခံလွှာများကို ပါလီမန် (Storting) သို့ အတည်ပြုရန်နှင့် အတည်ပြုထားသော ငွေတောင်းခံလွှာများကို ဥပဒေအရလက်မှတ်ရေးထိုးရန် အဓိကတာဝန်ရှိသည်။ အဆင့်မြင့်ရာထူး ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း၊ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခြင်းနှင့် နိုင်ငံတကာစာချုပ်များကို အတည်ပြုခြင်းတို့ကိုလည်း နိုင်ငံတော်ကောင်စီက တာဝန်ယူဆောင်ရွက်ရသည်။

**ဥပဒေပြုရေး**

ဥပဒေပြုရေးတွင် ပါလီမန် (Storting)သည် နိုင်ငံတော်ဘတ်ဂျက်အတည်ပြုခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့ လုပ်ဆောင်သည်။ အုပ်ချုပ်ရေးအဖွဲ့မှ တင်သွင်းလာသော အဆိုပြုလွှာများကို အတည်ပြုရန်အတွက် မဲခွဲဆုံးဖြတ်ဆောင်ရွက်သည်။ ပါလီမန်ကိုယ်စားလှယ် ၁၆၉ ဦးရှိ၍ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ ၂၀၀၉ ခုနှစ်မတိုင်မီက ပါလီမန်ကို Odelsting (အောက်လွှတ်တော်)နှင့် Lagting (အထက်လွှတ်တော်) တို့ဖြင့် ဖွဲ့စည်းပါသည်။ အစိုးရသည် Odelsting (အောက်လွှတ်တော်)နှင့် Lagting (အထက်လွှတ်တော်)ကို ပူးပေါင်းပြီး ပါလီမန်တစ်ခုတည်း ဖွဲ့စည်းရန် နိုင်ငံတော်ကောင်စီသို့ အဆိုပြုခဲ့သော်လည်း Lagting (အထက်လွှတ်တော်)ထံမှ ပူးပေါင်းရန်အတွက် သဘောတူညီမှု မရရှိခဲ့ပေ။ သို့သော် ၂၀၀၉ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် Lagting (အထက်လွှတ်တော်) ကို ဖျက်သိမ်းပြီး ပါလီမန်တွင်သာ ပူးပေါင်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အတည်ပြုခဲ့သည်။




နော်ဝေနိုင်ငံ၏ တည်နေရာပြမြေပုံ

**တရားစီရင်ရေး**

နော်ဝေနိုင်ငံ၏ တရားစီရင်ရေးတွင် သာမန်တရားရုံးများနှင့် အထူးတရားရုံးဟူ၍ တရားစီရင်ရေး (၂)ရပ်ရှိသည်။ ဥပမာအားဖြင့်-

(က) ခရိုင်တရားရုံးများသည် အရပ်ဘက်နှင့် ရာဇဝတ်မှုအားလုံးကို ကိုင်တွယ်သော သာမန်တရားရုံးများဖြစ်သည်။ ခရိုင်တရားရုံးများ၌သာ အမှုအားလုံးကို စတင်စစ်ဆေးရမည် ဖြစ်သည်။

(ခ) ခရိုင်တရားရုံးများမှ ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိပါက အယူခံတရားရုံးများ (court of appeal) တွင် အယူခံလျှောက်ထားနိုင်သည်။

(ဂ) တရားရုံးချုပ်သည် အငြင်းပွားမှုများအတွက် တရားဝင်စီရင်ပိုင်ခွင့်ရှိသော နောက်ဆုံးနေရာဖြစ်သည့် အမြင့်ဆုံးတရားရုံးဖြစ်သည်။

**ရွေးကောက်ပွဲစနစ်နှင့် ပါလီမန်ရွေးကောက်ပွဲ**

နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲစနစ်သည် အချိုးကျကိုယ်စားပြုစနစ် (Proportional Representa-tive System) ကို ကျင့်သုံးပြီး Party List System ဖြစ်သည်။ ပါလီမန်ကိုယ်စားလှယ် ၁၆၉ ဦး ရွေးချယ်ရာတွင် ကိုယ်စားလှယ် ၁၅၀ နေရာအတွက် အချိုးကျကိုယ်စားပြုစနစ်ဖြင့် မဲဆန္ဒနယ်ကိုယ်စားပြုအဖြစ် ရွေးချယ်ပြီး ကျန်ရှိသောကိုယ်စားလှယ် ၁၉ နေရာအတွက် မဲဆန္ဒရှင်များ၏ တစ်ခဲနက်ထောက်ခံမှုကိုရရှိသော ကိုယ်စားလှယ်များထဲမှ Members at Large ဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ ပါလီမန်ကိုယ်စားလှယ် ရွေးချယ်ရန်အတွက် Sainte Lague Method အရ ကိုယ်စားလှယ်လောင်းများအား အချိုးကျခွဲဝေသည့် Party List System ကို အသုံးပြုပါသည်။ နော်ဝေနိုင်ငံ၏ မဲဆန္ဒနယ်မြေသတ်မှတ်ခြင်းကို ၂၀၁၈ ခုနှစ်အထိ ပိုင်းခြားသတ်မှတ်ထားသော စီရင်စု (County) အရေအတွက်အလိုက် စီရင်စု(County)တစ်ခုလျှင် မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ခဲ့ရာ ယခုအချိန်အထိ အော်စလို (Oslo) မြို့အပါအဝင် နိုင်ငံကို မဲဆန္ဒနယ် ၁၉ နယ် ပိုင်းခြားသတ်မှတ်ပါသည်။ နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲသည် တစ်ဦးထက်ပိုသော လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခွင့်ရှိသောမဲဆန္ဒနယ် (Multi-member Constituen-cies) ဖြစ်ပြီး ပါတီစာရင်းအရ အချိုးကျကိုယ်စားပြုစနစ် (Party-list Proportional Representation) ကို အသုံးပြုသည်။ စီရင်စု(County)တစ်ခုစီမှ ပါတီတစ်ခုစီသည် ကိုယ်စားလှယ်လောင်းစာရင်းကို တင်ပြပြီး မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းအရေအတွက်ကို မဲရလဒ်အပေါ် မူတည်၍ အချိုးကျခွဲဝေပေးခြင်းဖြစ်သည်။ မဲဆန္ဒနယ်တစ်ခုစီမှ ကိုယ်စားလှယ်လောင်းအရေအတွက်သည် မဲဆန္ဒနယ်မြေအကျယ်အဝန်းနှင့် လူဦးရေအပေါ် မူတည်ပါသည်။ ကိုယ်စားလှယ်လောင်း အရေအတွက် အများစုအနေဖြင့် ရွေးကောက်ခံနိုင်ရန် စုစုပေါင်းဆန္ဒမဲ၏အနိမ့်ဆုံးခိုင်လုံမဲ (Threshold) ၄ ရာခိုင်နှုန်း ရရှိရမည်ဖြစ်သည်။

> ❊ **နော်ဝေနိုင်ငံ၏ရွေးကောက်ပွဲစနစ်သည် အချိုးကျကိုယ်စားပြုစနစ်** (Propor-tional Representative System)**ကို ကျင့်သုံးပြီး** Party List System **ဖြစ်သည်။ ပါလီမန်ကိုယ်စားလှယ် ၁၆၉ ဦး ရွေးချယ်ရာတွင် ကိုယ်စားလှယ် ၁၅၀ နေရာအတွက် အချိုးကျကိုယ်စားပြုစနစ်ဖြင့် မဲဆန္ဒနယ်ကိုယ်စားပြုအဖြစ် ရွေးချယ်ပြီး ကျန်ရှိသောကိုယ်စားလှယ် ၁၉ နေရာအတွက် မဲဆန္ဒရှင်များ၏ တစ်ခဲနက်ထောက်ခံမှုကိုရရှိသော ကိုယ်စားလှယ်များထဲမှ** Members at Large **ဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်**

နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲအားလုံးကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ မြူနီစီပယ်နှင့် စီရင်စု(County)များအား ရွေးကောက်ပွဲကို တစ်ချိန်တည်း ကျင်းပပြီး ပါလီမန်(Storting)၏ ရွေးကောက်ပွဲသက်တမ်းတစ်ဝက်တွင် ကျင်းပပါသည်။ ရွေးကောက်ပွဲနေ့ကို ဘုရင်က သတ်မှတ်ပြီး အများအားဖြင့် စက်တင်ဘာလ၏ပထမပတ်တွင် ကျင်းပပါသည်။

**ဒေသန္တရရွေးကောက်ပွဲ (Local Election)**

ဒေသန္တရရွေးကောက်ပွဲများတွင် County Election နှင့် Municipality Election ဟူ၍ ရှိသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် နော်ဝေနိုင်ငံ၌ ဒေသန္တရရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ မဲဆန္ဒရှင်များသည် ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုနှင့် အခွန်စည်းကြပ်မှုများအတွက် လုပ်ဆောင်နိုင်မည့် မြူနီစီပယ်နှင့် စီရင်စု (County) ကောင်စီများအတွက် ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ် ဒေသန္တရရွေးကောက်ပွဲများအတွက် မြူနီစီပယ်များအား ၄၂၉ ခုမှ ၃၅၆ ခုသို့လည်းကောင်း၊ စီရင်စု (County) များအား ၁၉ ခုမှ ၁၁ ခုသို့လည်းကောင်း ပြန်လည်ဖွဲ့စည်းပြီး ပထမဆုံးကျင်းပသည့် ဒေသန္တရရွေးကောက်ပွဲ ဖြစ်ခဲ့သည်။

**ဆန္ဒမဲပေးပိုင်ခွင့်ဆိုင်ရာသတ်မှတ်ချက်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၅၀)အရ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသော နော်ဝေနိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။ ၁၈၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၃ အရ ရာဇဝတ်မှုများအတွက် ဥပဒေအရ ချမှတ်ထားသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ထောင်ဒဏ်ကျခံနေရသူများ၊ အစိုးရ၏ ခွင့်ပြုချက်မပါဘဲ နိုင်ငံခြားသို့ရောက်ရှိနေပြီး နိုင်ငံခြားသားအဖြစ် ခံယူထားသူများ၊ ဆန္ဒမဲများဝယ်ခြင်း၊ ကိုယ်ပိုင်မဲရောင်းချခြင်း သို့မဟုတ် မဲရုံတစ်ခုထက်ပို၍ မဲပေးခြင်းကြောင့် အပြစ်ရှိကြောင်း ထင်ရှားသူများကို ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများအဖြစ် သတ်မှတ်ခဲ့ပါသည်။ နောက်ဆုံးပြင်ဆင်ခဲ့သည့် ၂၀၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရာဇဝတ်မှုများ ကျူးလွန်သည့်အတွက် ဥပဒေအရ ချမှတ်ထားသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ထောင်ဒဏ်ကျခံနေရသူများ၊ အစိုးရ၏ ခွင့်ပြုချက်မပါဘဲ နိုင်ငံခြားသို့ရောက်ရှိနေပြီး နိုင်ငံခြားသားအဖြစ် ခံယူထားသူများသာလျှင် မဲပေးပိုင်ခွင့်မရှိကြောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

**မဲဆန္ဒရှင်စာရင်းပြုစုခြင်း**

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသုံးပြုမည့် သက်ဆိုင်ရာမဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူဖြစ်ရမည်ဖြစ်သည်။ မဲဆန္ဒရှင်များသည် မိမိသက်ဆိုင်ရာမဲဆန္ဒနယ်မြေတစ်ခု၌သာ စာရင်းပေးသွင်းရမည် ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများကို ရွေးကောက်ပွဲကျင်းပမည့်နှစ်၏ ဇွန်လ ၃၀ ရက်နေ့အတွင်း စာရင်းပြုစုပြီး မဲဆန္ဒရှင်သည် သတ်မှတ်ကာလနောက်ပိုင်းတွင် အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားပါက မိမိပြောင်းရွှေ့မည့်လိပ်စာကို သက်ဆိုင်ရာ လူဦးရေစာရင်း မှတ်ပုံတင်ဌာနသို့ အသိပေးအကြောင်းကြား၍ ရောက်ရှိရာဒေသတွင် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်နိုင်သည်။ သံတမန်ရေးရာအဖွဲ့ဝင်များ၊ ကောင်စစ်ဝန်ရုံးနှင့် ယင်းတို့၏ အိမ်ထောင်စုဝင်များမှအပ နော်ဝေနိုင်ငံပြင်ပတွင် ၁၀ နှစ်နှင့်အထက် နေထိုင်သူဖြစ်ပါက ၎င်းနောက်ဆုံး မှတ်ပုံတင်ခဲ့သည့် နေရပ်တွင်သာ မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးရန် လျှောက်ထားရမည်။ ရွေးကောက်ပွဲကော်မတီမှ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မဲစာရင်းလာရောက်ကြည့်ရှုရန် ကြေညာပြီးချိန်တွင် မဲဆန္ဒရှင်ပြည်သူများမှ မဲစာရင်းလာရောက်ကြည့်ရှုပြီး အမှားပြင်ဆင်ရန်နှင့် မဲစာရင်းတွင် ပါဝင်သင့်သူများ မပါဝင်ပါက အမည်စာရင်း ထည့်သွင်းပေးနိုင်ရန် ရွေးကောက်ပွဲကော်မတီသို့ လျှောက်ထားနိုင်သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မတီများအနေဖြင့် မဲစာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်များအားလုံး မဲဆန္ဒရှင်ကတ်ပြားရရှိစေရေး ဆောင်ရွက်ပေးသည်။

**ကိုယ်စားလှယ်လောင်းအရည်အချင်း သတ်မှတ်ချက်များ**

အသက်၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နော်ဝေနိုင်ငံသားတိုင်းသည် နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲ တွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲဥပဒေအရ ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူးများနှင့် နိုင်ငံရေးအကြံပေးများမှလွဲ၍ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တရားရုံးချုပ်မှ တရားသူကြီးများ၊ သံရုံးဝန်ထမ်းများနှင့် ကောင်စစ်ဝန်ရုံး ဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ကိုယ်စားလှယ်လောင်းသည် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် အမည်စာရင်း တင်သွင်းနိုင်သည်။ အဆိုပြုလွှာများကို ရွေးကောက်ပွဲကျင်းပမည့်နှစ်၏ မတ်လ ၃၁ ရက် နေ့လယ် ၁၂ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်သည်။ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာ၌ မဲဆန္ဒနယ်တစ်ခုတွင် ထောက်ခံသူဦးရေ ၅၀၀ နှင့် အထက်သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါတီဝင် ၅၀၀၀ နှင့် အထက်သော်လည်းကောင်း ရှိရမည်ဖြစ်သည်။

**နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီများအနေဖြင့် ပါတီတည်ထောင်လိုပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းတွင် ထည့်သွင်းရန် လျှောက်ထားရမည်။ ယင်းမှတ်ပုံတင်ကို Brnonoysund မြို့ရှိ Registry Unit က ထိန်းသိမ်းထားသည်။ ထိုသို့ မှတ်ပုံတင်ထားသော ပါတီများအားလုံးကို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဟု သတ်မှတ်ထားခြင်းမဟုတ်သော်လည်း ပါလီမန်ရွေးကောက်ပွဲများတွင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများကိုသာ ကိုယ်စားလှယ်လောင်းနေရာများ ခွဲဝေပေးနိုင်သည်။ နိုင်ငံရေးပါတီမှတ်ပုံတင်ရာတွင် မှတ်ပုံတင်ထားပြီးသည့် အခြားနိုင်ငံရေးပါတီတစ်ခုနှင့် အရှုပ်အထွေး ဖြစ်စေနိုင်သည့် အချက်အလက်များပါရှိပါက (ဥပမာ-ပါတီကိုယ်စားပြုတံဆိပ်တူနေခြင်း) မှတ်ပုံတင်ခွင့်မရှိကြောင်း တွေ့ရှိရသည်။

**ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်ပြည်သူများသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိတို့ စာရင်းပေးသွင်းထားသောနေရာတွင်သာ ဆန္ဒမဲပေးနိုင်သည်။ မဲပေးချိန်သည် နံနက် ၉ နာရီမှ ည ၉ နာရီအထိသာဖြစ်သည်။ မဲရုံပိတ်သိမ်းချိန်ရောက်သော်လည်း မဲရုံပရဝဏ်အတွင်း ရောက်နေသော မဲဆန္ဒရှင်များကို ဆန္ဒမဲပေးခွင့်ပြုသည်။ မဲရုံပရဝဏ်အတွင်းရှိ မဲဆန္ဒရှင်များနှင့် ဆန္ဒမဲပေးရန် သွားရောက်ကြသော မဲဆန္ဒရှင်တစ်ဦးတစ်ယောက်ကိုမျှ မဲဆွယ်ခြင်း မပြုရန်နှင့် ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်လုပ်ရပ်ကိုမဆို မပြုလုပ်ရန် တားမြစ်ထားသည်။ မဲပေးခြင်းကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အကြောင်းတစ်စုံတစ်ရာ ပြုလုပ်သူမည်သူမဆို မဲရုံတွင်တာဝန်ရှိသူက ဖယ်ရှားတားမြစ်နိုင်သည်။ ဆန္ဒမဲပေးရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်-

၁။ မဲဆန္ဒရှင်သည် လျှို့ဝှက်ဆန္ဒပြုရမည်။

၂။ မဲဆန္ဒရှင်သည် မိမိနှစ်သက်ရာပါတီသို့မဟုတ် အဖွဲ့ကို မိမိဆန္ဒအရ ဆန္ဒမဲပေးနိုင်သည်။

၃။ မဲဆန္ဒရှင်သည် ဆန္ဒပြုပြီးသော မဲလက်မှတ်စာရွက်ကိုခေါက်၍ တံဆိပ်ရိုက်နှိပ်ရန် မဲရုံတာဝန်ရှိသူထံ သွားရမည်။

၄။ မဲဆန္ဒရှင်သည် တံဆိပ်ရိုက်နှိပ်ပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ရမည်။

၅။ ဆန္ဒမဲပေးပြီးသူတိုင်းကို မဲဆန္ဒရှင်စာရင်း၌ မဲပေးပြီးကြောင်း အမှတ်အသားပြုလုပ်ထားရမည်။ မဲဆန္ဒရှင်များ မဲပေးရန်လာရောက်ချိန်တွင် မဲရုံတာဝန်ရှိသူသည် မဲဆန္ဒရှင် စာရင်းပေးသွင်းထားသော နယ်မြေမှန်ကန်မှု ရှိမရှိနှင့် မဲပေးပြီး မပြီးကို စစ်ဆေးရမည်။ မသန်စွမ်းမဲဆန္ဒရှင်များနှင့် ဆန္ဒမဲပေးရာတွင် အကူအညီလိုအပ်သောမဲဆန္ဒရှင်များအနေဖြင့် မဲရုံကော်မတီထံ အကူအညီတောင်းခံနိုင်သည်။ မဲရုံသို့ လာရောက်မဲပေးနိုင်ခြင်းမရှိသည့် မဲဆန္ဒရှင်များအတွက် ရွေးကောက်ပွဲအရာရှိနှစ်ဦးမှ မဲပုံးအပါအဝင် လိုအပ်သောပစ္စည်းကိရိယာများ ယူဆောင်ကာ မဲဆန္ဒရှင်ထံသွားရောက်၍ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးမည်။

**ကြိုတင်ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်များသည် ကြိုတင်ဆန္ဒမဲပေးလိုက ပေးနိုင်သည်။ Svalbard ကျွန်းစုနှင့် Jan Mayen ကျွန်းစုတို့အပါအဝင် ပြည်တွင်း၌ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ပြည်ပကြိုတင်ဆန္ဒမဲပေးခြင်း ကာလမှာ ရွေးကောက်ပွဲကျင်းပသည့်နှစ်၏ ဇူလိုင်လ ၁ ရက်နေ့မှ ရွေးကောက်ပွဲမတိုင်မီ သောကြာနေ့အထိဖြစ်သည်။ ကြိုတင်ဆန္ဒမဲပေးသော မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုပြီးသော လက်မှတ်များကို ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၅ နာရီထက် နောက်မကျစေဘဲ ရွေးကောက်ပွဲကော်မတီထံသို့ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ မည်သည့်နေရာ၌ ကြိုတင်မဲပေးနိုင်သည်ကို ရွေးကောက်ပွဲကော်မတီက ဆုံးဖြတ်ပြီး ပြည်တွင်းကြိုတင်ဆန္ဒမဲများကို မြူနီစီပယ်အဖွဲ့မှ လက်ခံရန်တာဝန်ရှိသည်။ ကြိုတင်မဲပေးခွင့်ရှိသောနေရာများမှာ ပုံမှန်အားဖြင့် မြို့တော်ခန်းမနှင့် ဝန်ဆောင်မှုရုံးတို့ဖြစ်သည်။ ပြည်ပတွင်ရှိသော မဲဆန္ဒရှင်များသည်လည်း ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးနိုင်သည်။

**မဲရေတွက်ခြင်း**

ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်ပြီး၍ မဲရုံများ ပိတ်သိမ်းပြီးချိန်တွင် မဲရေတွက်ခြင်းကို စတင်ပါသည်။ ရွေးကောက်ပွဲကော်မတီသည် ပါလီမန်ရွေးကောက်ပွဲနှင့် ဒေသန္တရအစိုးရရွေးကောက်ပွဲတို့တွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ ရေတွက်ထားသည့် ဆန္ဒမဲလက်မှတ်များ စုစည်းခြင်းတို့ကို ဆောင်ရွက်ရသည်။ မဲစာရင်း၌ မဲဆန္ဒရှင်မည်မျှ မဲပေးသည်နှင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ မဲအရေအတွက်မည်မျှရှိသည်ကို သိသာရန် ကြိုတင်မဲနှင့် မဲရုံမဲဟူ၍ သီးခြားစီ ခွဲခြားထားရှိသည်။ မဲရလဒ်ရေတွက်ခြင်းတွင် ပဏာမရေတွက်ခြင်းနှင့် အပြီးသတ်ရေတွက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ပဏာမရေတွက်ခြင်း၏ ရည်ရွယ်ချက်သည် အများပြည်သူအား ပဏာမရလဒ်ကို အမြန်ဆုံးချပြနိုင်ရန်ဖြစ်သည်။ ဆန္ဒပြုပြီးသော ကြိုတင်မဲများမှာ မဲရုံမပိတ်မီ ၄ နာရီထက်နောက်မကျစေဘဲ ရောက်ရှိရမည်။

ပဏာမရေတွက်ခြင်းသည် ပုံမှန်ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။ ပဏာမရေတွက်ခြင်းကို ရွေးကောက်ပွဲနေ့ မဲရုံများပိတ်သိမ်းပြီးနောက် စတင်ဆောင်ရွက်သည်။ ပဏာမရေတွက်ရာတွင် ဆန္ဒမဲလက်မှတ်များအား ခိုင်လုံမဲအဖြစ်သတ်မှတ်ရန် သံသယရှိမည်ဆိုပါက ဘေးသို့ဖယ်ရှားထားမည်ဖြစ်ပြီး ယင်းဆန္ဒမဲလက်မှတ်များအား အပြီးသတ်မဲရေတွက်ခြင်းအဆင့်တွင် ပြန်လည်ရေတွက်မည်ဖြစ်သည်။ ပဏာမရေတွက်ခြင်းပြီးနောက် သံသယရှိသည့် ဆန္ဒမဲလက်မှတ်များကို အတည်ပြုဆုံးဖြတ်ရန် အပြီးသတ်မဲရေတွက်ခြင်းကို ရွေးကောက်ပွဲကော်မတီမှ တာဝန်ယူဆောင်ရွက်သည်။

**ကိုယ်စားလှယ်လောင်းနေရာခွဲဝေပေးခြင်း**

နော်ဝေနိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲကို PR စနစ်ကျင့်သုံးပြီး လွှတ်တော်ကိုယ်စားလှယ်နေရာခွဲဝေရာတွင် Sainte Lague Method ကို အသုံးပြုသည်။ Sainte Lague Method သည် တစ်ဦးချင်းစီ၏ မဲရလဒ်များအား ၁၊ ၃၊ ၅၊ ၇၊ ၉ စသည်တို့ဖြင့်စား၍ စားလဒ်ကို ကြီးစဉ်ငယ်လိုက် ခွဲဝေသောနည်းလမ်းဖြစ်သည်။ သို့သော်လည်း နော်ဝေနိုင်ငံတွင် အသုံးပြုသော Sainte Lague Method သည် တစ်ဦးချင်းစီ၏ မဲရလဒ်များအား ၁ ဒသမ ၄ ဖြင့် ပထမဆုံး စတင်စား၍ စားလဒ်ကို ကြီးစဉ်ငယ်လိုက် ခွဲဝေပေးခြင်းဖြစ်သည်။ အဆိုပါစနစ်ဖြင့် ကိုယ်စားလှယ်များအား ရွေးချယ်တင်မြှောက်ရာတွင် ပါတီမှအနည်းဆုံးရရှိရမည့် ဆန္ဒမဲအရေအတွက် (Threshold)အဖြစ် ၄ ရာခိုင်နှုန်း သတ်မှတ်ထားပါသည်။




၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက် ပါလီမန်ရွေးကောက်ပွဲရလဒ်။

**"မဲရလဒ်ရေတွက်ခြင်းတွင် ပဏာမရေတွက်ခြင်းနှင့် အပြီးသတ်ရေတွက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ပဏာမရေတွက်ခြင်း၏ ရည်ရွယ်ချက်သည် အများပြည်သူအား ပဏာမရလဒ်ကို အမြန်ဆုံးချပြနိုင်ရန်ဖြစ်သည်။ ဆန္ဒပြုပြီးသော ကြိုတင်မဲများမှာ မဲရုံမပိတ်မီ ၄ နာရီထက်နောက်မကျစေဘဲ ရောက်ရှိရမည်။ ပဏာမရေတွက်ခြင်းသည် ပုံမှန်ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။ ပဏာမရေတွက်ခြင်းကို ရွေးကောက်ပွဲနေ့ မဲရုံများပိတ်သိမ်းပြီးနောက် စတင်ဆောင်ရွက်သည်"**

**ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲများ**

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် နော်ဝေနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းကျော်ရှိပြီး ၇၇ ရာခိုင်နှုန်းကျော် ဆန္ဒမဲပေးခဲ့သည်။ အဆိုပါရွေးကောက်ပွဲတွင် Labour Party(AP) နှင့် Centre Party(SP) မှ ကိုယ်စားလှယ်အရေအတွက် အများဆုံးရရှိခဲ့ပြီး ဝန်ကြီးချုပ် Ema Solberg ၏ Conservative Party (H)သည် ကိုယ်စားလှယ်အရေအတွက် ဒုတိယအများဆုံးရရှိခဲ့သည်။ Labour Party မှ Jonas Gahr Store သည် Centre party နှင့် Socialist Left Party(SV) တို့နှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းခဲ့ပြီးနောက် Jonas Gahr Store သည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ Sainte Lague သည် Party-list Proportional Representation ကို အသုံးပြုကျင်းပသော ရွေးကောက်ပွဲများတွင် ပါလီမန်၌ ကိုယ်စားလှယ်နေရာ ခွဲဝေသော နည်းလမ်းဖြစ်သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော နော်ဝေပါလီမန် ရွေးကောက်ပွဲမှ ရရှိခဲ့သောမဲရလဒ်ကို ပုံပါအတိုင်း တွေ့ရှိရပါသည်-

**ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာန**

နော်ဝေနိုင်ငံတွင် ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းမှာ ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာန ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းရုံးတွင် လက်ရှိဝန်ထမ်း ၃၁ ဦးရှိပြီး Tonsberg မြို့တွင် အခြေစိုက်သည်။ နော်ဝေနိုင်ငံ၏ ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာနသည် ဒေသန္တရအစိုးရနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ လက်အောက်ရှိ အေဂျင်စီတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲများ ကျင်းပရေးလုပ်ငန်းစဉ်များအတွက် တာဝန်ရှိသည်သာမက ရွေးကောက်ပွဲကျင်းပခြင်းအပေါ် လူထုယုံကြည်မှုကို ထိန်းသိမ်းခြင်းဖြင့် ကောင်းမွန်သောဒီမိုကရေစီစနစ်ကို ပံ့ပိုးကူညီရန် တာဝန်ရှိသည်။ နော်ဝေနိုင်ငံ ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၁ ခုနှစ်အတွက် ရည်မှန်းချက် ၃ ရပ်မှာ-

၁။ အများပြည်သူယုံကြည်၍ မှန်ကန်ပြီး လုံခြုံသော ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြစ်စေရန်၊

၂။ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များ လိုအပ်သော အချက်အလက်များ ရရှိနိုင်စေရန်၊

၃။ ရွေးကောက်ပွဲကာလအတွင်း အကောင်းဆုံးလုပ်ဆောင်ရန်၊

ရွေးကောက်ပွဲညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ ပါလီမန်ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများနှင့် စီရင်စု(County) ရွေးကောက်ပွဲများ ကျင်းပရန်၊ စီရင်စု(County) ကော်မတီ၊ မြူနီစီပယ်ကော်မတီတို့ကို ကြီးကြပ်ရန်၊ မြူနီစီပယ်နှင့် စီရင်စု(County) အာဏာပိုင်များအား စည်းမျဉ်း၊ နည်းစနစ်၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အကြံပေးရန်နှင့် မဲပေးနိုင်မည့်အချိန်၊ နေရာ၊ မည်ကဲ့သို့ မဲပေးနိုင်သည်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်ပေးပို့ရန်တို့ဖြစ်သည်။

နိုင်ငံတော်အဆင့်ရွေးကောက်ပွဲကော်မတီအား ပါလီမန်ရွေးကောက်ပွဲမကျင်းပမီ ဘုရင်က ခန့်အပ်ပြီး ယင်းကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်နေရာကို Sainte Lague Method အရ ခွဲဝေပေးသည်။ နိုင်ငံတော်အဆင့် ရွေးကောက်ပွဲကော်မတီတွင် အလှည့်ကျအဖွဲ့ဝင် အနည်းဆုံးငါးဦး ခန့်အပ်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကို ဘုရင်က

*စာမျက်နှာ ၁၁ သို့*

# အပျိုစင်ဒေသထွက်ကုန်နှင့် ပြည်ပဈေးကွက်အလားအလာ (၂)

## ယုဇနမြင့်အောင်(ကုန်သွယ်ရေးဦးစီးဌာန)

**ကော်ဖီသောက်သုံးမှုအများဆုံးနိုင်ငံများသို့ တင်ပို့မှု**

**အီးယူနိုင်ငံများ၏ကော်ဖီသောက်သုံးမှု**

အီးယူသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံ ၂၇ နိုင်ငံကို ပေါင်းစည်းထားပြီး ကမ္ဘာ့အကောင်းဆုံးစီးပွားရေး ဘုံစနစ်တစ်ခုကို ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာပေါ်တွင် ကော်ဖီသောက်သုံးမှု အမြင့်မားဆုံးဖြစ်သောကြောင့် အသိအမှတ်ပြုလက်မှတ်ရကော်ဖီများအတွက် ကမ္ဘာ့အကြီးမားဆုံး ဈေးကွက်တစ်ခုဖြစ်သည်။ အီးယူ ၂၇ နိုင်ငံအနက်မှ ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ဒိန်းမတ်၊ နယ်သာလန်နှင့် စပိန်တို့သည် မြန်မာ့ကော်ဖီကို နှစ်စဉ်တိုးတက်ဝယ်ယူခဲ့သည်။

အီးယူသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ Everything but Arms ဟုခေါ်သည့် လက်နက်မှအပ ကျန်ကုန်စည်အားလုံးအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးဖြစ်သော ယေဘုယျအကောက်ခွန်သက်သာခွင့် (Generalized System Perferences–GSP) သည့် စနစ်ကို မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် အပါအဝင် နိုင်ငံပေါင်း ၄၉ နိုင်ငံအား ပေးအပ်ထားသည်။ ၁၉၉၇ ခုနှစ်တွင် International Labour Organization ၏ အစီရင်ခံစာထုတ်ပြန်မှုတွင် အလုပ်ရှင်များသည် အလုပ်သမားများကို အတင်းအကျပ်စေခိုင်းခြင်းများရှိနေကြောင်း ဖော်ပြခဲ့သောကြောင့် မြန်မာနိုင်ငံအား GSP ပေးသည့် နိုင်ငံစာရင်းမှ ရုပ်သိမ်းခဲ့သည်။ သို့ရာတွင် ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးလာသောကြောင့် ၂၀၁၃ ခုနှစ်တွင် GSP အခွင့်အရေး ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါအခွင့်အရေးကို အပြည့်အဝအသုံးချ၍ အီးယူသို့ ကော်ဖီတိုးမြှင့်တင်ပို့ရန် အစီအမံများချမှတ်ဆောင်ရွက်နိုင်မည် ဆိုပါက အကျိုးရလဒ်ကောင်းများစွာ ရရှိနိုင်ခြေများသည်။

**၂၀၁၈–၂၀၂၀ ခုနှစ်အတွင်း HS Line အလိုက် United Nation Trade Statistics Database တွင် ဖော်ပြထားသော မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့မှုစာရင်း**

{Coffee, whether or not roasted or decaffeinated: husks and skin: coffee substitutes containing coffee in any proportion (HS Line–0901)}

| ခုနှစ် | အီးယူသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၁၈၄,၁၅၆ | ၃၂,၃၁၀ | ၂၇၃၉,၉၁၃ | ၆.၇၂% |
| ၂၀၁၉ | ၂၈၄,၅၇၃ | ၆၆,၉၆၃ | ၂၇၀၄,၁၉၅ | ၁၀.၅၂% |
| ၂၀၂၀ | ၃၄၅,၀၅၀ | ၁၀၁,၁၀၀ | ၂၄၃၇,၄၈၅ | ၁၄.၁၅% |

**“အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံသို့ ယေဘုယျအကောက်ခွန်သက်သာခွင့် (Generalized System Perferences - GSP) အား ၂၀၁၃ ခုနှစ်မှ စတင်ပေးအပ်ခဲ့သည်။ အဆိုပါအခွင့်အရေးအား ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို စသည့်နိုင်ငံများကိုလည်း ပေးအပ်ထားရာ ကမ္ဘာ့ကော်ဖီသောက်သုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံသို့ တင်ပို့ရာတွင် ဒေသဆိုင်ရာအညွှန်းလျှောက်ထား ပိုင်ဆိုင်ထားမှသာ ၎င်းတို့နှင့် ရှေ့ရှည်ယှဉ်ပြိုင်တင်ပို့နိုင်စွမ်းရှိမည်ဖြစ်သည်ဟု ယူဆသည်”**



{Coffee, not roasted or decaffeinated (HS Line–090111)}

| ခုနှစ် | အီးယူသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၇၅,၆၂၁ | ၁၂,၄၂၀ | ၂၃၁၃,၆၇၀ | ၃.၂၇% |
| ၂၀၁၉ | ၆၄,၇၁၆ | ၁၁,၀၄၀ | ၁၇၅၃,၇၇၈ | ၃.၆၉% |
| ၂၀၂၀ | ၁၆,၂၀၀ | ၁၀၁,၁၅၀ | ၂၄၃၇,၄၈၅ | ၁.၃၂% |

{Coffee, husks and skins; coffee substitutes containing coffee in any proportion (HS Line–090190)}

| ခုနှစ် | အီးယူသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၉ | ၂၀၉,၁၁၅ | ၅၄,၆၀၀ | ၃၃၆,၆၁၂ | ၆၂.၁၂% |
| ၂၀၂၀ | ၂၅၃,၄၈၅ | ၈၃,၄၀၀ | ၆၅၄,၀၂၄ | ၃၈.၇၆% |

{Coffee, decaffeinated, not roasted (HS Line–09112)}

| ခုနှစ် | အီးယူသို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ% |
|---|---|---|---|---|
| ၂၀၁၈ | ၅၁,၂၃၀ | ၁၄,၁၅၀ | ၂၆၆,၉၆၄ | ၁၉.၁၉% |

{Coffee, roasted  not decaffeinated (HS Line–09121)}

| ခုနှစ် | အီးယူသို့ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၉ | ၂,၁၆၂ | ၁၂၃ | ၂၁,၉၃၂ | ၉.၈၅% |
| ၂၀၂၀ | ၂၅၃,၄၈၅ | ၅၀ | ၁၆,၅၁၅ | ၃၈.၇၆% |

**အမေရိကန်နိုင်ငံ၏ ကော်ဖီသောက်သုံးမှု**

အမေရိကန်နိုင်ငံသည်လည်း ကမ္ဘာ့ကော်ဖီသောက်သုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်၍ ကော်ဖီတိုးမြှင့်တင်ပို့ရန် ဦးစားပေးရွေးချယ်နိုင်သည့် နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း နေထိုင်ကြသူများအနက်မှ သန်း ၁၅၀ ကျော်သော အမေရိကန်တို့သည် နေ့စဉ် ကော်ဖီခွက်ရေ သန်း ၄၀၀ သောက်သုံးကြပြီး တစ်နှစ်သောက်သုံးမှုအတွက် ၁၄၀ ဘီလီယံ ကုန်ကျသည်။ ကော်ဖီသောက်သုံးမှုသည် ၂၀၁၅ မှ ၂၀၁၉ ခုနှစ်အတွင်း ၂၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း ၂၀၂၁–၂၀၂၅ အတွင်း နှစ်စဉ် ၇.၉၇ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့ ကိုလံဘီယာနိုင်ငံမှ ၁.၂၁ ဘီလီယံနှင့် ဘရာဇီးနိုင်ငံမှ ၁.၁၆ ဘီလီယံ တန်ဖိုးရှိ ကော်ဖီများတင်သွင်းခဲ့သဖြင့် တင်သွင်းမှုအများဆုံးနိုင်ငံများအဖြစ် ရပ်တည်ခဲ့ကြသည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံသို့ ယေဘုယျအကောက်ခွန်သက်သာခွင့် (Generalized System Perferences–GSP) အား ၂၀၁၃ ခုနှစ်မှ စတင်ပေးအပ်ခဲ့သည်။ အဆိုပါအခွင့်အရေးအား ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို စသည့်နိုင်ငံများကိုလည်း ပေးအပ်ထားရာ ကမ္ဘာ့ကော်ဖီသောက်သုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံသို့ တင်ပို့ရာတွင် ဒေသဆိုင်ရာအညွှန်းလျှောက်ထား ပိုင်ဆိုင်ထားမှသာ ၎င်းတို့နှင့် ရေရှည်ယှဉ်ပြိုင်တင်ပို့နိုင်စွမ်းရှိမည် ဖြစ်သည်ဟု ယူဆသည်။

**၂၀၁၈–၂၀၂၀ခုနှစ်အတွင်း HS Line အလိုက် United Nation Trade Statistics Database တွင် ဖော်ပြထားသော မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့မှုစာရင်း**

{Coffee, whether or not roasted or decaffeinated: husks and skin: coffee substituties containing coffee in any proportion (HS Line–0901)}

| ခုနှစ် | အမေရိကန်သို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၇၄၀,၅၁၈ | ၃၂,၃၁၀ | ၂၇၃၉,၉၁၃ | ၂၇.၀၂% |
| ၂၀၁၉ | ၃၅၁,၈၄၅ | ၆၆,၉၆၃ | ၂၇၀၄,၁၉၅ | ၁၀.၅၂% |
| ၂၀၂၀ | ၁၄၂,၃၆၆ | ၁၀၁,၁၅၀ | ၂၄၃၇,၄၈၅ | ၅.၈၄% |

{Coffee, not roasted or decaffeinated (HS Line–090111)}

| ခုနှစ် | အမေရိကန်သို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၇၃၅,၀၂၈ | ၁၁၂,၆၂၀ | ၂၃၁၃,၆၇၀ | ၃၁.၇၇% |
| ၂၀၁၉ | ၁၄၁,၅၄၆ | ၂၄,၄၂၀ | ၁၇၅၃,၇၇၈ | ၈.၀၇% |

{Coffee, decaffeinated not roasted (HS Line–090112)}

| ခုနှစ် | အမေရိကန်သို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၅,၄၀၀ | ၃,၆၀၀ | ၂၆၆,၉၆၄ | ၂.၀၂% |
| ၂၀၁၉ | ၂၁၀,၃၀၈ | ၂၆,၄၀၀ | ၄၉၆,၈၇၅ | ၄၂.၃၃% |

{Coffee, husks and skins; coffee substitutes containing coffee in any proportion (HS Line–090190)}

| ခုနှစ် | အမေရိကန်သို့ ရောင်းရငွေ အမေရိကန်ဒေါ်လာ | ရောင်းချခဲ့သည့် ကီလိုဂရမ် | မြန်မာနိုင်ငံ၏ စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ | မြန်မာနိုင်ငံ၏ စုစုပေါင်း ရငွေ % |
|---|---|---|---|---|
| ၂၀၁၈ | ၉၀ | ၃၀ | ၉၀ | ၁၀၀% |

# အသက် ၄၀ အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၂၃၈ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၈၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၀၂၁၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၄၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၁၁၇ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၉၂၈၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၈၆၄၀၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၂၆၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ထို့အတူ ကျောင်းသား ကျောင်း သူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၄ ဦးနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၉၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၁-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O - Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO - Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O - Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O - Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection - Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၁၈ နှစ်အထက် ပြည်သူများအား ပထမအသုတ်(ပထမအကြိမ်) ကာကွယ်ဆေးထိုးနှံ

**ကျောက်ဖြူ ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ခြံုဆွယ်အုပ်စုမှ အသက် ၁၈ နှစ်အထက်ရှိ ပြည်သူများအား ယင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပထမအသုတ်(ပထမအကြိမ်) ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဖြူမြို့နယ် ခြံုဆွယ်ကျေးရွာတွင် ဒီဇင်ဘာ ၁၁ ရက်၌ ကာကွယ်ဆေး ပထမအသုတ်(ပထမအကြိမ်)လာရောက်ထိုးနှံမည့် စာရင်းရှိပြည်သူ ၈၄၀ အား ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**

*စာမျက်နှာ ၉ မှ*

ခန့်အပ်၍ ယင်းကော်မတီသည် ပါလီမန်ရွေးကောက်ပွဲရလဒ်ကို အတည်ပြုသည်။ ပါလီမန်ရွေးကောက်ပွဲနှင့် စီရင်စု (County) ရွေးကောက်ပွဲများ ကျင်းပရန်အလို့ငှာ စီရင်စု(County) ရွေးကောက်ပွဲကော်မတီကို စီရင်စု(County) ကောင်စီမှ ရွေးချယ်တင်မြှောက်သည်။ စီရင်စု (County) ရွေးကောက်ပွဲကော်မတီသည် စီရင်စု (County) ရွေးကောက်ပွဲများကို ပြင်ဆင်ခြင်း၊ ကျင်းပခြင်း၊ ပါလီမန်နှင့် စီရင်စု(County) ရွေးကောက်ပွဲများအတွက် ပါတီမှအဆိုပြုတင်သွင်းသော အမည်စာရင်းများကို စိစစ်ဆောင်ရွက်ခြင်း၊ မဲရေတွက်ခြင်းနှင့် ကိုယ်စားလှယ်နေရာခွဲဝေပေးခြင်းတို့ ဆောင်ရွက်သည်။ မြူနီစီပယ်ရွေးကောက်ပွဲကော်မတီကို မြူနီစီပယ်ကောင်စီမှ ရွေးချယ်တင်မြှောက်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ**

နော်ဝေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၈၁၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ကမ္ဘာပေါ်တွင် ဒုတိယမြောက်ရှေးအကျဆုံး ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ယင်းနေ့ကိုလည်း နော်ဝေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ အခြေခံမူများမှာ ပြည်သူလူထု၏ အချုပ်အခြာအာဏာ၊ အာဏာခွဲဝေမှု၊ လူ့အခွင့်အရေးတို့ ဖြစ်ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင် ၃ ရပ် ဖြင့် ဖွဲ့စည်းထားသည်။ ၁၈၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၁၁၀ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ပုဒ်မ ၁၂၁ ခုအထိ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

**နိဂုံး**

နော်ဝေနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသော်လည်း ကမ္ဘာပေါ်တွင် ဒီမိုကရေစီနည်းလမ်းအကျဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အစိုးရအနေနှင့်လည်း ဒီမိုကရက်တစ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ နော်ဝေနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်နှင့် ပါလီမန် ဒီမိုကရေစီစနစ် ပူးတွဲကျင့်သုံးသော်လည်း ဥပဒေပြုလွှတ်တော်များကို စည်းမျဉ်းခံဘုရင်က ၎င်း၏ သဘောဖြင့် ဖျက်သိမ်းခွင့်မရှိဘဲ ပါတီခေါင်းဆောင်များ၊ လွှတ်တော်အကြီးအကဲများကသာ ဖျက်သိမ်းခွင့်ရှိကြောင်း လေ့လာတွေ့ရှိရသည့်အတွက် စည်းမျဉ်းခံဘုရင်၊ အစိုးရအဖွဲ့နှင့် လွှတ်တော်အကြား အပြန်အလှန်ထိန်းကျောင်းမှု အားကောင်းလာပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းလျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကျမ်းကိုး**

- Constitution of Norway
- https://en.wikipedia.org/wiki/Norwe-gian Directorate of Elections
- https://en.wikipedia.org/wiki/2019 Norwegian local elections
- https://en.wikipedia.org/wiki/2021 Norwegian parliamentary election
- Political system of Norway
- https://www.statista.com/statistics/691609/voter-turnout-of-national-parliamentary- elections-in-norway/
- https://en.wikipedia.org/wiki/Politics of Norway#Legislative_branch
- Election act of Norway
- General information about norway-Helena.pdf
- https://www.electionguide.org/elections/id/3630/
- https://en.wikipedia.org/wiki/Storting
- The main features of the Norwegian electoral system
- http://archive.ipu.org/parline-e/reports/2239 arc.htm
- https://en.wikipedia.org/wiki/ 2021 Norwegian parliamentary election# Electoral system
- https://www.royalcourt.no/seksjon.html?tid=29977
- https://docplayer.net/20824221-Legislative-council-secretariat-fact-sheet-political- system-of-norway.html

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ရပ် ကြိုတင်မျှော်မှန်းရေးဆွဲထားကြရန် လိုအပ်

နေပြည်တော်  ဒီဇင်ဘာ  ၁၁

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သော "မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" သို့ တက်ရောက်သည်။**



အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် လူမှုစီးပွားဘဝ စည်ပင်ဖွံ့ဖြိုးရေးအတွက် အလေးထားဆောင်ရွက်ရမည် ဖြစ်သည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲရန် အထူးလိုအပ်ကြောင်း၊ ၂၀၁၉ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ပျံ့နှံ့ဖြစ်ပွားခဲ့ရာ လုပ်ငန်းများ ပြန်လည်ရှင်သန်လာစေရန် လမ်းပြမြေပုံရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများသာမက တက္ကသိုလ်နှင့် ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာ အတတ်ပညာရှင်များပါဝင်၍ စီမံကိန်းတစ်ရပ်ကို ယခုကပင် ကြိုတင်မျှော်မှန်း ရေးဆွဲထားကြရန် လိုအပ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း၊ စီမံကိန်းမူကြမ်းကို ဆန်းစစ်ပြင်ဆင်ပြီး ဒေသအဆင့်မှ အကြံပြုချက်တောင်းခံပေါင်းစပ်ဆောင်ရွက်ပြီးနောက် အမျိုးသားအဆင့် ခရီးသွားလုပ်ငန်း ဗဟိုကော်မတီသို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် အခြေခံမူ၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ လေ့လာဆန်းစစ်ချက်၊ မဟာဗျူဟာ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အချိန်ကာလ၊ ဘတ်ဂျက် စသည်တို့အပြင် ကြီးကြပ်ထိန်းသိမ်းမှုနှင့် အကောင်အထည်ဖော်ဆောင်မှု အဆင့်လိုက်အပေါ် ဆန်းစစ်ဖော်ထုတ်ချက်တို့ ထည့်သွင်းရေးဆွဲကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဦးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့က ရေးဆွဲထားသည့် စီမံကိန်းများ၏ ရည်မှန်းချက်များ၊ မဟာဗျူဟာများနှင့် ရေတို၊ ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းအကြံပေးအရာရှိ ဒေါ်ကြည်ကြည်အေးက နိုင်ငံတကာအဖွဲ့အစည်းများ၏ စံသတ်မှတ်ချက်များနှင့် လေ့လာချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျစီမံခန့်ခွဲရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ Digital စနစ်အပါအဝင် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးနှင့် နိုင်ငံပုံရိပ်မြှင့်တင်ရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး စသည့် ခေါင်းစဉ် (၄) ခုဖြင့် အဖွဲ့လိုက် စားပွဲဝိုင်းဆွေးနွေးကြပြီး အဖွဲ့(၄) ဖွဲ့ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးပွဲများ ပြုလုပ်ကြရာ ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ၏ သဘာပတိ ညွှန်ကြားရေးမှူး၊ ဦးမျိုးမြင့်က အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်များအပေါ် အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးကြသူများနှင့် အဖွဲ့လိုက်ကိုယ်စားပြုသူများကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဌာနတာဝန်ခံများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်နှင့် မန္တလာတက္ကသိုလ်တို့မှ ဆရာ/ ဆရာမများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများနှင့် တာဝန်ရှိသူများက Online မှ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

မျိုးရိုးဗီဇပြောင်း ဒယ်လ်တာ (Delta) ပိုးတွေ့ရှိသူ (၁၆) ဦးကိုသာ တွေ့ရှိရပြီး အိုမီခရွန် (Omicron) ပိုး ယနေ့အထိ မတွေ့ရှိရပါ။ အဆိုပါ ဒယ်လ်တာ (Delta)ပိုးတွေ့ရှိသူများတွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၄) ဦး၊ လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၂) ဦး၊ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၂) ဦးတို့ ပါဝင်ပါသည်။

၎င်းအပြင် ဓာတ်ခွဲနမူနာများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထိုင်းနိုင်ငံ၊ ရည်ညွှန်းဓာတ်ခွဲခန်းသို့လည်း ပေးပို့ထားရှိပြီး စစ်ဆေးလျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်တို့သည် "ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်အဖြစ် မျိုးရိုးဗီဇအစီအစဉ်လေ့လာခြင်းလုပ်ငန်း"အား အချိန်နှင့်တစ်ပြေးညီ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




❖ *ကျောဖုံးမှ*

စသည့် ဆီထွက်သီးနှံကေ ၂၉၂၀၀၀ ကျော်ကို စိုက်ပျိုးဆောင်ရွက်နေရာ ယနေ့အချိန်အထိ ဆောင်းဆီထွက်သီးနှံ ကေ စုစုပေါင်း ၂၁၇၀၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်နေကြောင်း သိရသည်။

"ဆီထွက်သီးနှံစိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီးမှ စိုက်ပျိုးနေတာပါ။ တိုင်းဒေသကြီးအတွင်းမှာတော့ ဆီဖူလုံမှုရှိပါတယ်။ ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က တိုင်းဒေသကြီး အချုပ်အနေနဲ့ ဆောင်းမြေပဲက တစ်ကေကို ၅၄ ဒသမ ၉၂ တင်း ထွက်ပါတယ်။ ဆောင်းနှမ်းကတစ်ကေကို ၈ ဒသမ ၆၄ တင်းထွက်တယ်။ ဆောင်းနေကြာက တစ်ကေကို ၂၆ တင်းခန့်ထွက်ပါတယ်။ ဆီမုန်ညင်းက တစ်ကေကို ၇ ဒသမ ၇ တင်းထွက်ပါတယ်။ ပန်းနှမ်းက တစ်ကေကို ၆ ဒသမ ၄ တင်း ထွက်ရှိပါတယ်။ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမှုများတာက ပြင်ဦးလွင်ခရိုင်ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဆောင်းဆီထွက်သီးနှံကို ခရိုင်အလိုက် လျာထားစိုက်ပျိုးကြသည့် ကေများမှာ မန္တလေးခရိုင်တွင် ၅၄၁၃ ကေ၊ ပြင်ဦးလွင်ခရိုင်တွင် ၈၀၀၇၉ ကေ၊ ကျောက်ဆည်ခရိုင်တွင် ၆၁၀၁၆ ကေ၊ မိတ္ထီလာခရိုင်တွင် ၁၅၇၀၅ ကေ၊ မြင်းခြံခရိုင်တွင် ၆၂၆၆၀ ကေ၊ ညောင်ဦးခရိုင်တွင် ၁၀၀၇၁ ကေ၊ ရမည်းသင်းခရိုင်တွင် ၅၈၀၀၀ ကေ စုစုပေါင်းစိုက်ကေ ၂၉၂၀၀၀ ကျော်ကို စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

❈ *ကျောဖုံးမှ*

ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)အရ ဒီဇင်ဘာ ၁၀ ရက်တွင် ၎င်းတို့နှစ်ဦးကို "ထောင်ဒဏ်တစ်သက် " ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။



တရားခံ အေးကို



တရားခံ
မြတ်မင်းသူ (ခ)ကိုသူ

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ ပြေးဆွဲမှုကို အိန္ဒိယဆက်လက်ပိတ်ပင်



နယူးဒေလီ ဒီဇင်ဘာ ၁၁

**အိန္ဒိယနိုင်ငံသည် ဇန်နဝါရီလမတိုင်မီအချိန်အထိ အပြည်ပြည်ဆိုင်ရာခရီးသည်တင်လေယာဉ်များ ပြေးဆွဲမှုကို ပိတ်ပင်သည့်ကာလ တိုးချဲ့ခဲ့ကြောင်း သိရသည်။**

အိုမီခရွန်ကူးစက်မှုအပေါ် စိုးရိမ်မှုများ မြင့်မားနေသည့်အတွက် ယခုလို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၁၅ ရက်မှစတင်ကာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းပြေးဆွဲမှုများကို ပြန်လည်စတင်နိုင်ရေး အိန္ဒိယလေကြောင်း အာဏာပိုင်များက ရည်ရွယ်ထားခဲ့သည်။ သို့သော်လည်း ဒီဇင်ဘာ ၉ ရက်တွင်မူ အပြည်ပြည်ဆိုင်ရာ လေယာဉ်ပြေးဆွဲမှုကို ဇန်နဝါရီ ၃၁ ရက်အထိ ဆိုင်းငံ့သွားရန် ဆုံးဖြတ်ခဲ့သည်။

ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်ပျံ့နှံ့မှုကို တားဆီးရန်အတွက် ယခုလိုဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် အိုမီခရွန်ကူးစက်ခံရသူ ၂၃ ဦး တွေ့ရှိခဲ့သည်။ လက်ရှိသဘောတူညီထားသည့် စည်းကမ်းများအောက်တွင် နိုင်ငံပေါင်း ၃၀ ကျော်မှလေကြောင်းလိုင်းများ ဆက်လက်လုပ်ဆောင်မည်ဟု သိရသည်။

စင်ကာပူနိုင်ငံတွင်လည်း ပထမဆုံးဒေသတွင်း အိုမီခရွန်ကူးစက်မှုကို တွေ့ရှိခဲ့သည်ဟု ဒီဇင်ဘာ ၉ ရက်တွင် ကြေညာခဲ့သည်။ ချန်ဂီလေဆိပ်တွင် အလုပ်လုပ်ကိုင်နေသည့်အမျိုးသမီးတွင် ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါအမျိုးသမီးသည် အပိုဆောင်းကာကွယ်ဆေးထိုးထားသူ ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ယခင်ကလည်း အိုမီခရွန်ကူးစက်မှုသုံးခု တွေ့ရှိထားသည်။ နောက်ထပ်ကူးစက်မှုများလည်းဖြစ်လာနိုင်သည်ဟု အာဏာပိုင်များက အသိပေးထားသည်။ **အင်န်အိတ်ချ်ကေ**

## မက္ကဆီကို၌ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးသူဦးရေမှာ ၅၅ ဦးအထိရှိလာ

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၁**

ဗဟိုအမေရိကမှ ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသည့် ထရပ်ကားမှာ ဒီဇင်ဘာ ၈ ရက်က မတော်တဆဖြစ်ရပ်ကြောင့် ကြေကွဲဖွယ်ဖြစ်ရပ် ဖြစ်ပွားခဲ့ရသည်။ မက္ကဆီကိုတောင်ပိုင်း ချီရာပတ်စ်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးသူဦးရေမှာ ၅၅ ဦးအထိ ရှိလာခဲ့သည်ဟု အုပ်ချုပ်ရေးမှူး ရူတီလီယိုအက်စ်ကန်ဒွန်က ဒီဇင်ဘာ ၁၀ ရက်တွင် ပြောသည်။

ထရပ်ကားအတွင်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၁၅၀ ကျော်ကို တင်ဆောင်လာခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုသမ္မတ အန်ဒရက်စ်မန်နျူရယ်လိုပက်ဇ်အိုဘာရာဒေါကလည်း အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ကြေကွဲဖွယ်ဖြစ်ရပ်ဟု ပြောကြားခဲ့သည်။ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၁၅၂ ဦးတွင် ဒဏ်ရာရရှိသူ ၇၃ ဦးရှိပြီး ၂၄ ဦးမှာ ထိခိုက်မှုမရှိဟု သိရသည်။

အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းနေထိုင်မှုများကြောင့် ကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ပေါ်လာရသည့်အတွက် နောက်ထပ် ယခုလိုအဖြစ်အပျက်မျိုးနှင့် မကြုံတွေ့ရအောင် လုပ်ဆောင်သွားမည်ဟုလည်း မက္ကဆီကိုသမ္မတက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဘီလာရုဇ်နိုင်ငံ၌ သောင်တင်နေသည့် အီရတ်ရွှေ့ပြောင်းနေထိုင်သူ ၄၁၇ ဦးကို ပြန်လည်ခေါ်ဆောင်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၁**

ဘီလာရုဇ်နိုင်ငံတွင် သောင်တင်နေသည့် အီရတ်ရွှေ့ပြောင်းနေထိုင်သူ ၄၁၇ ဦးကို ဒီဇင်ဘာ ၁၀ ရက်က ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်ဟု သိရသည်။

မိမိတို့ သဘောဆန္ဒအလျောက် နေရပ်ပြန်လိုသည့် အီရတ်နိုင်ငံသားများကို ကယ်ဆယ်ရေးလေယာဉ်ကိုးစင်းဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာမက်အယ်ဆာဟတ်ဖ် က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဘီလာရုဇ်- ပိုလန်နယ်စပ်မှ ကယ်တင်နိုင်ခဲ့သည့် ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၃၅၅၀ ရှိလာပြီဖြစ်ပြီး အဆိုပါ လူများထဲတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်သည်ဟု နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောသည်။

ဘီလာရုဇ်- ပိုလန်နယ်စပ် ဘီလာရုဇ်ဘက်ခြမ်းတွင် စုဝေးနေကြသည့် ရွှေ့ပြောင်းနေထိုင်သူများမှာ အီရတ်၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့မှ အများစု ဖြစ်ကြသည်။ ၎င်းတို့သည် ပိုလန်နိုင်ငံမှတစ်ဆင့် ဂျာမနီနှင့် ဥရောပနိုင်ငံများသို့ ဝင်ရောက်ကာ ခိုလှုံခွင့်တောင်းခံရန် ကြိုးပမ်းနေကြသူများ ဖြစ်သည်။ **ဆင်ဟွာ**



ဘီလာရုဇ်-ပိုလန်နယ်စပ်တွင် စခန်းချနေထိုင်နေကြသည့် ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

## အိုမီခရွန်ကူးစက်မှုများကြောင့် အစ္စရေးနိုင်ငံတွင် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက် အချိန်တိုးမြှင့်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၁**

အစ္စရေးနိုင်ငံတွင် အိုမီခရွန်ကူးစက်ပျံ့နှံ့မှုကို နှိမ်နင်းရန်အတွက် ခရီးသွားလာမှုဆိုင်ရာကန့်သတ်ချက်ကာလကို တိုးမြှင့်လိုက်သည်ဟု ဒီဇင်ဘာ ၁၀ ရက်တွင် ကြေညာခဲ့သည်။ နိုင်ငံခြားခရီးသွားများ အစ္စရေးနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းကို ဒီဇင်ဘာ ၂၂ ရက်အထိ ကန့်သတ်ထားရန် အစ္စရေးဝန်ကြီးချုပ် နဖ်တလီဘန်းနက်နှင့် ကျန်းမာရေးဝန်ကြီး နက်ဇန်ဟိုရိုဝှဇ်က ဆုံးဖြတ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အိုမီခရွန်ကူးစက်ခံထားရသည့်အစ္စရေးနိုင်ငံသား ၃၅ ဦးရှိသည်ဟု သိရသည်။ နိုင်ငံရပ်ခြားမှပြန်လာသည့် အစ္စရေးနိုင်ငံသားများကိုလည်း သုံးရက် အသွားအလာ စောင့်ကြည့်ကန့်သတ်မည်ဖြစ်သည်။ လာမည့်ရက်များအတွင်း နောက်ထပ်ကန့်သတ်ချက်များကိုလည်း ပြုလုပ်ကောင်းပြုလုပ်သွားနိုင်သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း အစ္စရေးနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှု အနည်းငယ် ပြန်လည်များပြားလာသည်ကို တွေ့ရသည်။ လတ်တလော နိုင်ငံအတွင်း ရောဂါကူးစက်ခံထားရသူ ၆၀၀၀ နီးပါး ရှိသည်။ **ဆင်ဟွာ**

## ဂျော်ဒန်နိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ တစ်သန်းကျော်ရှိလာ

**အမ္မန် ဒီဇင်ဘာ ၁၁**

ဂျော်ဒန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ကူးစက်ခံရသူ တစ်သန်းရှိလာပြီဟု ဂျော်ဒန် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ယခုအချိန်အထိ ဂျော်ဒန်နိုင်ငံတွင် ကူးစက်ခံရသူ ၁၀၀၃၄၂၈ ဦးရှိပြီး ဒီဇင်ဘာ ၁၀ ရက်တစ်ရက်တည်းတွင်ပင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၄၉၃၆ ဦး ရှိသည်။ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၃၈ ဦး တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်းမှာလည်း ၁၁၉၁၇ ဦးရှိသည်။ ဒီဇင်ဘာ ၁၀ ရက်တွင် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၄၆၇၄ ဦးရှိသည့်အတွက် စုစုပေါင်း ပြန်လည် ကျန်းမာလာသူဦးရေမှာ ၉၂၄၇၀၂ ဦးရှိသည်။ ကိုဗစ် - ၁၉ ကာကွယ်ဆေး ပထမတစ်ကျော့ ထိုးပြီးသူ ၄၂၁၄၁၆၀ ရှိပြီး နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၃၈၀၈၃၃၆ ဦးရှိသည်။

ဂျော်ဒန်နိုင်ငံတွင် ဒီဇင်ဘာ ၈ ရက်မှစတင်ကာ ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်ခံရသူ နှစ်ဦး တွေ့ရှိခဲ့သည်။ **ဆင်ဟွာ**




ဂျော်ဒန်နိုင်ငံ အမ္မန်မြို့လမ်းမထက်တွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်၍ သွားလာနေကြသူများကို တွေ့ရစဉ်။

# အမေရိကန်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးပြီးသူ သန်း ၂၀၀ ကျော်လာသော်လည်း အိုမီခရွန်ကူးစက်မှုအန္တရာယ် ခြိမ်းခြောက်လျက်ရှိ

လင်းဟန်သစ်

အမေရိကန်မှာ လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူ သန်း ၂၀၀ ကျော်ရှိတာတောင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ၊ သေဆုံးသူနဲ့ ဆေးရုံတက်ရောက်ကုသသူ အရေအတွက်ဟာ တဖြည်းဖြည်းနဲ့ မြင့်တက်လာပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်က ပုံမှန်အားဖြင့် တစ်နေ့ကို ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ခါထိုးပမာဏ ၁ ဒသမ ၉၂ သန်း ထိုးပေးခဲ့ပါတယ်။ ဒါဟာပြီးခဲ့တဲ့ သီတင်းပတ်ကထက် ကာကွယ်ဆေးထိုးသူပမာဏ ၃၅ ရာခိုင်နှုန်း တိုးမြှင့်ထိုးပေးခဲ့တာဖြစ်ပါတယ်။




အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ တိုင်းမ်စကွဲယားအနီးရှိ ကိုဗစ်-၁၉ စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနေရာမှ ထွက်ခွာလာသော အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

### တိုးတက်အောင်မြင်မှုရရှိ

အမေရိကန်ပြည်ထောင်စုရဲ့ နေ့စဉ် ကိုဗစ်-၁၉ သေဆုံးနှုန်း၊ ကူးစက်ဖြစ်ပွားနှုန်း၊ ဆေးရုံတက်ရောက်ကုသနှုန်းဟာ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီးနောက် ကာကွယ်ဆေးထိုးတဲ့နေရာမှာ အခုလို တိုးတက်အောင်မြင်မှုရရှိလာတာဖြစ်ပါတယ်။

### အားလပ်ရက်ကိုပါ ခြိမ်းခြောက်နေ

အမေရိကန်ပြည်ထောင်စုမှာ အားလပ်ရက်ရာသီရောက်ရှိလာချိန်နဲ့ တိုက်ဆိုင်စွာပဲ ဗီဇပြောင်း အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှုအန္တရာယ်ကလည်း အရိပ်လို ခြိမ်းခြောက်လျက်ရှိပါတယ်။ အမေရိကန် ပြည်ထောင်စုမှာ အခုချိန်အထိ အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားတဲ့ ပြည်နယ် ၂၁ ခုထိ ရှိလာပြီဖြစ်တယ်လို့ ဝါရှင်တန်ပို့စ်က မကြာသေးမီက ဖော်ပြလိုက်ပါတယ်။

ထို့အတူ နယူးယောက်တိုင်းမ်ကလည်း အမေရိကန်ပြည်ထောင်စုဟာ တစ်နေ့ကို ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၁၃၀၀ ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ သီတင်းပတ်နှစ်ပတ်ကထက် ၂၇ ရာခိုင်နှုန်း တိုးလာတာဖြစ်ပါတယ်။ အလားတူ သေဆုံးသူကလည်း ၁၂ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆေးရုံတက်ရောက်ရတဲ့ ကိုဗစ်-၁၉ လူနာအရေအတွက်ဟာ ၅၅၀၀၀ ကျော်လာပါတယ်။ စက်တင်ဘာလက ဆေးရုံတက်ရောက်တဲ့အရေအတွက် ပိုနည်းသော်လည်း လွန်ခဲ့တဲ့ သီတင်းပတ်နှစ်ပတ်ထက် ၁၅ ရာခိုင်နှုန်း တိုးလာခဲ့ပါတယ်။

### ဒိုမီနိုသက်ရောက်မှုကို ဖန်တီးနေသူတွေ

အမေရိကန် ကျန်းမာရေးလုပ်သားတွေက

> ❖ အမေရိကန်ပြည်ထောင်စုဟာ တစ်နေ့ကို ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၁၃၀၀ ရှိတယ်လို့ ဖော်ပြထား
>
> ❖ ဒီဇင်ဘာ ၈ ရက်က အမေရိကန်အစားအသောက်နဲ့ ဆေးဝါးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အက်ဖ်ဒီအေ)က ကာကွယ်ဆေးနဲ့ ထိထိရောက်ရောက် မကာကွယ်နိုင်တဲ့ ကိုယ်ခံအားနည်းတဲ့သူတွေအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်တားဆီးဖို့ ပထမဆုံးဆေးဝါးတစ်မျိုးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ဖို့ ခွင့်ပြုပေးခဲ့

အကြောင်းအမျိုးမျိုးကြောင့် ဆေးဝန်ထမ်းပြတ်လပ်မှုတွေ ရှိလာတဲ့အတွက် အခြေအနေတွေဟာ ဆိုးသထက် ဆိုးလာတယ်လို့ ပြောပါတယ်။

ကိုဗစ်-၁၉ အပြည့်အဝ ကာကွယ်ဆေးထိုးနှုန်း မြင့်မားတဲ့ ပြည်နယ်တွေတောင်မှ ဥပမာ Maine မှာဆိုရင် လူဦးရေရဲ့ ၇၃ ရာခိုင်နှုန်းလောက် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးတာတောင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းဟာ မကြာသေးမီက မြင့်တက်လာပါသေးတယ်။

တစ်ချိန်တည်းမှာပဲ ဆရာဝန်တွေနဲ့ ကျွမ်းကျင်သူတွေက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ငြင်းဆန်နေသူတွေဟာ နိုင်ငံအတွက် သေဆုံးမှုများစေနိုင်တဲ့ ဒိုမီနိုသက်ရောက်မှုကို ဖန်တီးနေသူတွေလို့ သတိပေး ပြောကြားထားပါသေးတယ်။

သူတို့တွေ နာမကျန်းတွေဖြစ်လာမယ်။ သူတို့ချစ်ခင်သူတွေကို ဗိုင်းရပ်စ်တွေလက်ဆင့်ကမ်းပေးမယ်။ အလားတူ လူမှုအသိုင်းအဝိုင်းကိုလည်း ရောဂါတွေ ဝေမျှပေးမယ်။ ဆေးရုံမှာ လူနာခုတင်တွေတိုးလာမယ်။ ဆေးဘက်ဆိုင်ရာ အရင်းအမြစ်တွေကို ရှားပါးစေလိမ့်မယ်လို့ မီချီဂန်ဆေးပညာဆိုင်ရာ အမှုဆောင်အရာရှိချုပ်နဲ့ မီချီဂန်ဆေးဘက်ဆိုင်ရာကျောင်းရဲ့ နာယကတစ်ဦးဖြစ်သူ Marschall Runge ရဲ့ပြောကြားချက်ကို ယူအက်စ်အေတူဒေးက ကိုးကားဖော်ပြခဲ့ပါတယ်။

### စည်းရုံးပြောကြားရဦးမယ်

အမေရိကန်မိဘ ၁၀ ဦးမှာ သုံးဦးလောက်ဟာ သူတို့ရဲ့ အသက် ၅ နှစ်က ၁၁ နှစ်ထိ ကလေးတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားပေးကြောင်း သို့မဟုတ်ပါကလည်း ကာကွယ်ဆေးထိုးပေးဖို့ စီစဉ်ထားကြောင်း ကေဆာမိသားစုဖောင်ဒေးရှင်းရဲ့ မိဘတွေအမြင်နဲ့ပတ်သက်တဲ့ စစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။

၃၂ ရာခိုင်နှုန်းလောက်ရှိတဲ့ မိဘတွေကတော့ သူတို့က ဘာတွေဖြစ်လာဦးမလဲဆိုတာကို စောင့်ကြည့်ဦးမယ်လို့ ဖော်ပြထားပါတယ်။ ခုနစ်ရာခိုင်နှုန်းက လိုအပ်ရင် သူတို့လည်းထိုးမယ်လို့ ပြောကြားလိုက်ပြီး ၂၉ ရာခိုင်နှုန်းလောက်ကတော့ လုံးဝမထိုးဘူးလို့ ဆိုထားပါတယ်။

အသက် ၅ နှစ်က ၁၁ နှစ်အထိ အမေရိကန်ကလေးငယ် ၂၈ ဒသမ ၄ သန်းလောက်မှာ ငါးသန်းသို့မဟုတ် ၁၈ ရာခိုင်နှုန်းဟာ သီတင်းပတ်ငါးပတ်အတွင်းမှာ အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးပြီဖြစ်တယ်လို့ အစိုးရရဲ့ အချက်အလက်တွေအရ သိရပါတယ်။ ပြည်နယ်အလိုက် အနည်းငယ်ကွာခြားမှုတော့ရှိပါတယ်။

အသက် ၅ နှစ်က ၁၁ နှစ်အထိ ကလေးငယ်တွေ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးတဲ့ အရေအတွက်ဟာ နည်းနေသေးတဲ့အတွက် ကျန်းမာရေးအာဏာပိုင်တွေအနေနဲ့ မိဘတွေကို ကလေးငယ်တွေ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေလာထိုးဖို့ စည်းရုံးပြောကြားရဦးမှာဖြစ်တယ်လို့ သည်ဝေါ်စထရိစ်ဂျာနယ်မှာ ဖော်ပြထားပါတယ်။

### ကိုယ်ခံအားနည်းသူတွေအတွက် ဆေးတစ်မျိုးထုတ်လုပ်

ဒီဇင်ဘာ ၈ ရက်က အမေရိကန်အစားအသောက်နဲ့ ဆေးဝါးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အက်ဖ်ဒီအေ)က ကာကွယ်ဆေးနဲ့ ထိထိရောက်ရောက် မကာကွယ်နိုင်တဲ့ ကိုယ်ခံအားနည်းတဲ့သူတွေအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်တားဆီးဖို့ ပထမဆုံးဆေးဝါးတစ်မျိုးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ဖို့ ခွင့်ပြုပေးခဲ့ပါတယ်။

အဲဒီဆေးကို အက်စ်ထရာဇနီကာက တီထွင်ထုတ်လုပ်ခဲ့ပြီး Evusheld ဆိုတဲ့နာမည်နဲ့ ဈေးကွက်မှာ ရောင်းချသွားမှာဖြစ်ပါတယ်။

ဒီဆေးဟာ ကာလကြာရှည်အောင် ကာကွယ်နိုင်စွမ်း ရှိမှာဖြစ်ပါတယ်။ နှစ်ဝက်လောက်ထိ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

### စတုတ္ထအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ လိုကောင်းလို

ဖိုက်ဇာအမှုဆောင်အရာရှိချုပ် အဲလ်ဘတ် ဘိုလာက ဘီရွန်တက်နဲ့အတူ ထုတ်လုပ်လိုက်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကနေ ထုတ်လုပ်လိုက်တဲ့ ပဋိပစ္စည်းတွေကို အိုမီခရွန်ဗိုင်းရပ်စ်သစ်က ခုခံနိုင်စွမ်းရှိတယ်လို့ ကနေဦး သုတေသနအချက်အလက်တွေက ဖော်ပြလိုက်တဲ့နောက်မှာတော့ လူတွေဟာ စတုတ္ထအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ လိုအပ်ကောင်း လိုအပ်လာမယ်လို့ ပြောပါတယ်။

တကယ့်ဆန်းစစ်ချက်ကိုတော့ နောက်သီတင်းပတ် နှစ်ပတ်အတွင်းမှာ သိရတော့မှာ ဖြစ်ပါတယ်။

ကိုးကား-ဆင်ဟွာ

# ဒီဇင်ဘာ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၇ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၇၇ ဦးရှိ

### ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၆၃ နိုင်ငံ ပျံ့နှံ့

(၁၁–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၅၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၅၇) ဦးတွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၃၀) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၈၂,၄၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၂၆,၃၈၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၄၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၂,၆၆၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦး** ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၇၇) ဦး ရှိပါသည်။

- **ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၁၁–၁၂–၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၆၃) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။**
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၁–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၇၉)ခု | (၄၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၃)ခု | (၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၅)ခု | (၁)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၃)ခု | (၁၁)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆)ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၄၇)ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၈)ခု | (၁၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၃၅၁)ခု | (၂၇၄)ဦး |
| စုစုပေါင်း | (၁၅,၅၁၂)ခု | (၃၅၇)ဦး |

### ၁၁-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၇၀၅၂၅၇ | ၃၉၉၅၁၆၉၃ | ၈၁၇၃၂၆ |
| ၂။ | အိန္ဒိယ | ၃၄၆၈၂၇၃၆ | ၃၄၁၁၄၃၃၁ | ၄၇၅၁၂၈ |
| ၃။ | ဘရာဇီး | ၂၂၁၈၄၈၂၄ | ၂၁၄၀၇၆၉၉ | ၆၁၆၇၃၃ |
| ၄။ | ဗြိတိန် | ၁၀၇၁၉၁၆၅ | ၉၄၁၄၁၁၇ | ၁၄၆၂၅၅ |
| ၅။ | ရုရှား | ၉၉၈၆၉၆၇ | ၈၇၀၉၉၆၄ | ၂၈၈၃၅၁ |
| ၆။ | တူရကီ | ၉၀၀၂၉၆၈ | ၈၅၆၈၉၁၄ | ၇၈၇၇၈ |
| ၇။ | ပြင်သစ် | ၈၁၀၅၇၈၅ | ၇၂၇၅၀၅၄ | ၁၂၀၁၆၈ |
| ၈။ | ဂျာမနီ | ၆၄၆၃၇၃၇ | ၅၃၆၈၃၀၀ | ၁၀၅၉၃၁ |
| ၉။ | အီရန် | ၆၁၅၂၅၄ | ၅၉၆၃၃၇၃ | ၁၃၀၆၆၁ |
| ၁၀။ | အာဂျင်တီးနား | ၅၃၅၄၄၄၀ | ၅၂၁၁၂၆၄ | ၁၁၆၇၄၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၈၉၈၀ | ၄၁၀၉၈၆၅ | ၁၄၃၉၂၉ |
| ဖိလစ်ပိုင် | ၂၈၃၆၃၆၀ | ၂၇၇၄၈၉၁ | ၅၀၀၉၆ |
| မလေးရှား | ၂၆၈၃၅၂၃ | ၂၅၉၁၈၁၉ | ၃၀၈၃၁ |
| ထိုင်း | ၂၁၆၄၈၅၉ | ၂၀၉၀၂၅၃ | ၂၁၁၄၉ |
| ဗီယက်နမ် | ၁၃၉၈၄၁၃ | ၁၀၅၃၄၂၅ | ၂၇၆၁၁ |
| မြန်မာ | ၅၂၆၃၈၁ | ၅၀၂၆၆၆ | ၁၉၁၇၇ |
| စင်ကာပူ | ၂၇၂၄၃၃ | ၂၆၅၂၄၂ | ၇၈၃ |
| ကမ္ဘောဒီးယား | ၁၂၀၃၄၃ | ၁၁၆၆၉၅ | ၂၉၈၂ |
| လာအို | ၈၈၀၄၆ | ၇၅၇၉၉ | ၂၃၆ |
| ဘရူနိုင်း | ၁၅၃၄၃ | ၁၅၀၈၈ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# မြို့နယ်အတွင်းရှိ ပြည်သူများ စားသုံးမှုဖူလုံစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်

ကျောက်တံခါး ဒီဇင်ဘာ ၁၁

**မြို့နယ်အတွင်းရှိ ပြည်သူများ စားသုံးမှုဖူလုံစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျောက်တံခါးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား ပြောကြားသည်။**



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆေးရုံအဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်သည်။ **(ယာပုံ)**

**စိုက်ပျိုးရေးတွဲဖက်လုပ်ဆောင်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်သာယာငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး သမဝါယမအသင်းလီမိတက်သို့ရောက်ရှိပြီး မွေးမြူရေးအပြင် ငါးကန်ပေါင်များတွင် ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး၊ မန္တလေး-မူဆယ် လမ်းကြောင်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး Check Point ထပ်မံဖွဲ့စည်းပြီး ပို့ကုန်ယာဉ်များအား ထိန်းချုပ်စေလွှတ်ခြင်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး၊ မန္တလေး-မူဆယ်လမ်းကြောင်းတစ်လျှောက် ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်-၁၉ရောဂါပြန့်ပွားမှုထိန်းချုပ်ရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် Check Point များ သတ်မှတ်ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး (၇၃) လမ်း သဇင်လမ်းနှင့် ၄ရွှေဝါလမ်းကြားရှိ Pullman Mandalay Mingalar Hotel သဇင်ခန်းမ(၂)၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ယခုအချိန်တွင် တရုတ်နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်သော်လည်း မူဆယ်၊ ချင်းရွှေဟော်တို့၌ ပို့ကုန်ယာဉ်အများအပြား ကျန်ရှိနေသေးသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ယင်းကြောင့် မန္တလေး ၁၆ မိုင် စစ်ဆေးရေးဂိတ်အနေဖြင့် ပို့ကုန်ယာဉ်များအား ခေတ္တယာယီ ဖြတ်သန်းခွင့်မပြုသေးဘဲ၊ ဒုတိယအကြိမ် SOP အသစ်ပြန်လည်ရေးဆွဲပြီး၊ မန္တလေး ၁၆ မိုင် စစ်ဆေးရေးဂိတ်အပါအဝင် မြစ်ငယ်တိုးဂိတ်၊ မန္တလေးထုံးဘိုလမ်းနှင့် (၆၂) လမ်းဆုံ အုန်းချောအဝင် မန္တလေး - လားရှိုးလမ်းနှင့် ထုံးဘိုလမ်းဆုံ (ရတနာလင်းလမ်းဆုံ) စသည့် နေရာများတွင် Check Point ထပ်မံဖွဲ့စည်းပြီး ပို့ကုန်ယာဉ်များအား ထိန်းချုပ်စေလွှတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဆယ်တွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး၊ Logistic Cost ကုန်ကျစရိတ်မြင့်မားမှု မဖြစ်ပေါ်စေရေးတို့အတွက်တက်ရောက်လာကြသော ကုန်သည်များ၊ လုပ်ငန်းရှင်များက ပူးပေါင်း ဆောင်ရွက်ပေးမည်ဆိုပါက Management လုပ်ကိုင်ဆောင်ရွက်နေရသော အစိုးရပိုင်းအနေဖြင့်လည်းကောင်း၊ ပုဂ္ဂလိကပိုင်းအနေဖြင့်ပါ Win – Win Situation ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ကုန်စည်ကူးသန်းရောင်းဝယ်မှုတွင် ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားရှိသော ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်သင့်ပါကြောင်း၊ Check Point တစ်ခုချင်းစီတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ကုန်သည်လုပ်ငန်းရှင်များနှင့်အတူ လိုက်ပါဆောင်ရွက်ရသော ယာဉ်မောင်း/ယာဉ်နောက်လိုက်များပါ သိရှိနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး မန္တလေး-မူဆယ်လမ်းကြောင်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးနှင့် Check Point များ သတ်မှတ်ဆောင်ရွက်ရေး ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်သည့် ဌာနများဖြစ်သော ကျန်းမာရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး (၁၆) မိုင် စစ်ဆေးရေးစခန်း တာဝန်ခံများက ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းပြည်နယ်မြောက်ပိုင်း) ဥက္ကဋ္ဌ၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူးတို့က Zoom Meeting ဖြင့် တက်ရောက်ခဲ့ပြီး Check Point နေရာများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ ယာဉ်ရပ်နားကွင်း၊ ကုန်ချကွင်းနှင့် ယာဉ်ရပ်နားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက နိဂုံးချုပ်စကား ပြောကြားသည်။

ယင်းနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရတို့သည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေး-ပြင်ဦးလွင် လမ်းမကြီးပေါ်ရှိ (၁၆)မိုင် ကုန်ပစ္စည်းစစ်ဆေးရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက မော်တော်ယာဉ်နှင့် ကုန်ပစ္စည်းများအား စစ်ဆေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၇ ဦး၊ အမျိုးသမီး ၇၂ ဦး စုစုပေါင်း ၁၄၉ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၆၆ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၈၇ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ်မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၈ ဦး၊ အမျိုးသမီး ၈၅ ဦး စုစုပေါင်း ၂၁၃ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုး တွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်က ဗန်းမော်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘာသာရေးအဖွဲ့အစည်းများထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးအစီအစဉ်တွင် ပူးပေါင်းကြရေး တိုက်တွန်းဆွေးနွေး

ဗန်းမော် ဒီဇင်ဘာ ၁၁

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၀ ရက်က ပရိယတ္တိစာသင်တိုက်များ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် သွားရောက်တွေ့ဆုံ လှူဒါန်းကြသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ဗန်းမော်မြို့ ခွန်သာရပ်ကွက် မြို့လေးထပ် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကျောင်းနေသံဃာတော်များ၊ ကျောင်းသားများအား ပြည့်မီစွာ ထိုးနှံပေးနိုင်ရေး လျှောက်ထားတင်ပြပြီး လိုအပ်ချက်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မင်းကုန်းရပ်ကွက်ရှိ သီရိမင်္ဂလာကန်ဦး ပရိယတ္တိစာသင်တိုက်၊ သိမ်တော်ကြီးပရိယတ္တိစာသင်တိုက်တို့ကို သွားရောက်ပြီး ကျောင်းထိုင် ဆရာတော်တို့အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေကျပ်နှစ်သိန်းစီကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ဗန်းမော်မြို့ ကတ်သလစ်အသင်းတော် ဘုန်းတော်ကြီးရုံးနှင့် ဗန်းမော်ခရိုင် နှစ်ခြင်းခရစ်ယာန်အသင်းချုပ်တို့က ဘာသာရေးခေါင်းဆောင်များကို သွားရောက်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကပ်ရောဂါကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ထိုးနှံစေရေးဘာသာရေးအဖွဲ့များ အနေဖြင့် ပူးပေါင်းပါဝင်တိုက်တွန်းနှိုးဆော်ပေးနိုင်ရေး အတွက် ဆွေးနွေးကြရာ အသင်းတော်များ အတွက် ခရစ္စမတ်လက်ဆောင် လှူဖွယ်ပစ္စည်းများနှင့် ငွေကျပ်နှစ်သိန်းစီကို ပေးအပ်ကြောင်း သိရသည်။ ပြည်နယ်(မြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဆက်သွယ်ရေးလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**



ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ်အတွင်း မြို့ပြဖိုက်ဘာကွန်ရက် (Metropolitan Fiber Network) Cable တည်ဆောက်ခြင်းလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြေပေါ်မြေအောက် ဆက်သွယ်ရေးလုပ်ငန်း (Last Mile)သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဆက်သွယ်ရေး ကွန်ရက် ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး၏ ဆက်သွယ်ရေးလုပ်ငန်းများတွင် လက်ရှိ သွယ်တန်းထားရှိသော ဖိုက်ဘာကြိုးများမှာ ရှုပ်ထွေးနေခြင်း၊ သွယ်တန်းသည့်ကြိုးစများသည် ဖုန်းတိုင်၊ ဓာတ်တိုင်များ၏ အောက်ခြေတွင် စုပုံချည်နှောင် ထားရှိခြင်းတို့ကြောင့် မြို့တော်အင်္ဂါရပ်နှင့် မညီညွတ်ဘဲ အမြင်မတင့်တယ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆက်သွယ်ရေး တာဝါတိုင်များ တည်ဆောက်ခြင်း၊ ဖိုက်ဘာကြိုးများသွယ်တန်းခြင်း လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် တရားမဝင်သွယ်တန်းခြင်း၊ စိုက်ထူခြင်းများမရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တွင် နေထိုင်သော မြို့နယ်အလိုက် လူဦးရေ၏ မိုဘိုင်းဒေတာ(အင်တာနက်)သုံးစွဲမှုကို အခြေခံ၍ ပညာရှင်များက ခွဲခြားထားသည့် LOT ခြောက်ခုကို BOT စနစ်ဖြင့် ဆောင်ရွက်ရန် ၂၀၁၉ ခုနှစ်က တင်ဒါခေါ်ယူခဲ့ရာ ယှဉ်ပြိုင်ကြသည့် ကုမ္ပဏီ ၃၆ ခုအနက် တင်ဒါစိစစ်ရေးအဖွဲ့က ကုမ္ပဏီခြောက်ခု ရွေးချယ်ခဲ့ကြကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စာချုပ်ချုပ်ဆိုနိုင်ခြင်း မရှိသဖြင့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ အကြံပြုချက် ရယူဆောင်ရွက်ခဲ့ရာ ယနေ့တွင် သဘောတူချုပ်ဆို လက်မှတ်ရေးထိုးနိုင်ပြီး ဖြစ်ကြောင်းနှင့် လုပ်ငန်းများအား စာချုပ်ပါ စည်းကမ်း သတ်မှတ်ချက်များ အတိုင်း စနစ်တကျ လိုက်နာလုပ်ဆောင်သွားရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ကိုယ်စား) အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် တင်ဒါအောင်မြင်ခဲ့သော လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီခြောက်ခုတို့မှ တာဝန်ရှိသူများက သဘောတူ လက်မှတ်ရေးထိုးကြသည်။ (ဓါတ်ပုံ)

ယင်းနောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများကိုယ်စား (ကိုယ်စားလှယ်) တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြကြောင်း သိရသည်။

**ဆန်းကျော်ဦး (မြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Sinopharm ဆေးများနှင့် ဆေးတစ်လုံးလျှင် လူနှစ်ဦးထိုးနိုင်သော Sinovac ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ သို့ Sinopharm ဆေး ၁၂၀၀၁၅ လုံး၊ ကရင်ပြည်နယ် ဘားအံမြို့သို့ Sinopharm ဆေး အလုံး ၃၈၀၈၀ နှင့် Sinovac ဆေး ၃၃၄၉၈ လုံး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ Sinopharm ဆေး အလုံး ၁၆၃၀ နှင့် Sinovac အလုံး ၁၀၀၀၀၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ Sinopharm ဆေး အလုံး ၂၉၉၅၀ နှင့် Sinovac ဆေး ၁၄၆၃၆ လုံး၊ ပြည်မြို့သို့ Sinopharm ဆေး အလုံး ၂၃၉၆၀ နှင့် Sinovac ဆေး ၂၀၀၂၂ လုံး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ Sinopharm ဆေး အလုံး ၁၄၉၈၃၀နှင့် Sinovacဆေး အလုံး ၅၇၂၀၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ Sinovac ဆေး ၁၂၀၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်တွေမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**



ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် စစ်တွေမြို့ အနောက်မြောက်ဘက် ရေမိုင် ၂၂ မိုင်ခန့်အကွာ၌ ရေဝင်နစ်မြုပ်နေသည့် အမည်မရှိ ဒေသခံငါးဖမ်းလှေတစ်စင်းကို တွေ့ရှိခဲ့သည်။

အဆိုပါ ရေဝင်နစ်မြုပ်နေသည့် လှေပေါ်တွင် ပါရှိသော လှေလုပ်သားရှစ်ဦးတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေယာဉ်ပေါ်သို့ ကယ်ဆယ်တင်ဆောင်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိတန်ခိုးကြီး ဘုရားများသို့ ယနေ့နံနက်ပိုင်းက ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသူ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ မဟာဆုတောင်းပြည့် ရွှေသိမ်တော်ဘုရားနှင့် တမုတ်ရွှေဂူကြီးဘုရားနှစ်ဆူသည် လူသိများပြီး ဘုရားဖူးများ နေ့စဉ်လာရောက် ဖူးမြော်ကန်တော့ ဆုတောင်းလျက်ရှိရာ အခါကြီးရက်ကြီးများနှင့် အစိုးရရုံးပိတ်ရက်များတွင် ပိုမိုစည်ကားလျက်ရှိကြောင်း သိရှိရသည်။

တမုတ်ရွှေဂူကြီးဘုရားသည် ကျောက်ဆည်မြို့ အနောက်ဘက် ငါးမိုင်အကွာ ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိပြီး မဟာဆုတောင်းပြည့် ရွှေသိမ်တော်ဘုရားသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်း သင်တောင်းကြီးကျေးရွာအနီးတွင် တည်ရှိသည်။

မဟာဆုတောင်းပြည့် ရွှေသိမ်တော် ဘုရားကြီးတွင် အုန်း၊ ငှက်ပျောပွဲနှင့် အဓိဋ္ဌာန်ပြုဆုတောင်းပါက တောင်းသည့်ဆုများ ပြည့်ဝသဖြင့် ဘုရားဖူးပြည်သူများ အမြဲလာရောက် အဓိဋ္ဌာန်ပြု ဆုတောင်းလျက်ရှိကြောင်းနှင့် အခါကြီးရက်ကြီးနေ့များနှင့် အစိုးရရုံးပိတ်ရက်များတွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မျက်ရှင်တော် ဆုတောင်းပြည့် မဟာသကြံ်နဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဒီဇင်ဘာ ၁၁ ရက်က SPC Myanmar Co.,Ltd, Managing Director က ဘုရားကြီးဂေါပကအဖွဲ့သို့ အလှူငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

# နမ္မတူမြို့နယ် (IDP) စခန်းသုံးခုရှိ တိုက်ပွဲရှောင်ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေး

**နမ္မတူ ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအနေဖြင့် ဦးစားပေးအဆင့်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၈ နာရီခွဲတွင် ပန်ဟိုက်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ အသက် (၁၈)နှစ်နှင့်အထက် တိုက်ပွဲရှောင်ပြည်သူများကို ဒုတိယအကြိမ် Sinopharm အမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ထိုးနှံပေးရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက ကြီးကြပ်လျက် နိုဝင်ဘာ ၁၃ ရက်တွင် ပထမအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံထားသည့် နမ္မတူမြို့နယ်ကြူဆော့ (IDP)စခန်း၊ ကချင် (IDP)စခန်းနှင့် လီဆူ(IDP) စခန်းတို့ရှိ အသက် (၁၈)နှစ်နှင့်အထက် တိုက်ပွဲရှောင်ပြည်သူ ၁၁၇ ဦးအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နမ္မတူမြို့နယ်တွင် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းအထိ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၄၈၄၅ဦး၊ ကျောင်းသားကျောင်းသူ ၆၀၂ဦး၊ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၆၈၄၆ ဦးနှင့် ကျောင်းသားကျောင်းသူ ၃၀၈ ဦး စုစုပေါင်းကာကွယ်ဆေးထိုးနှံပြီးသည့် တိုင်းရင်းသားပြည်သူများနှင့် ကျောင်းသားကျောင်းသူ ၁၂၄၃၁ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ရောဂါကာကွယ် ထိန်းချုပ်ရေးကော်မတီ တာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ သိရသည်။ **လူမော်(ပြန်/ဆက်)**

# ပဲခူးမြို့တွင် အသံတိတ်သပိတ်နေ့ အပြင်မထွက် ဈေးမရောင်းကြခြင်းမှာ ထောက်ခံခြင်းပြသရာမဟုတ်ကြောင်း ပြည်သူများ ပြောဆို

**ပဲခူး ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ဒီဇင်ဘာ ၁၀ ရက်က အသံတိတ်သပိတ်အဖြစ် ဈေးဆိုင်များ မဖွင့်ခြင်း၊ လမ်းမပေါ်သွားလာမှု မပြုလုပ်ခြင်းများသည် အသံတိတ်သပိတ်တွင် ပါဝင်ခြင်း၊ အသံတိတ်သပိတ်ကို ထောက်ခံခြင်းမျိုးမဟုတ်ဘဲ မိမိတို့၏ အေးချမ်းတည်ငြိမ်နေသည့် မိသားစုဘဝ ဖျက်ဆီးခံရမှုမှ ကင်းဝေးစေရန်ဖြစ်ကြောင်း ပြည်သူအချို့က ပြောသည်။

ဒီဇင်ဘာ ၁၀ ရက်တွင် အသံတိတ်သပိတ် ပြုလုပ်ရန် နိုင်ငံတော်အား ဖျက်ဆီးလိုသူ အကြမ်းဖက်မသမာသူများက လူမှုကွန်ရက်စာမျက်နှာများတွင် ခြိမ်းခြောက်ရေးသားကာ အေးချမ်းစွာ နေထိုင်လိုသူများအား ဖိအားပေးလုပ်ဆောင်ခဲ့သည်။ ထိုသို့ ပြုလုပ်မှုများကြောင့် မြို့ရွာများတွင် လူသွားလူလာနည်းပါးခြင်း၊ ဈေးဆိုင်များ ပိတ်ထားခြင်းမျိုးအချို့ ရှိခဲ့သော်လည်း လိုအပ်သည့် အသုံးအဆောင်ကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ ဝယ်ယူမရသည့်အခြေအနေမျိုးနှင့် လမ်းမများတွင် လုံးဝ သွားလာမှုမရှိခြင်းမျိုး မဖြစ်ခဲ့ကြောင်း တွေ့မြင်ခဲ့ရသည်။

ထို့အပြင် ဒီဇင်ဘာ ၁၀ ရက်က အပြင်မထွက်ကြသူများ၊ ဈေးဆိုင်ပိတ်ခဲ့ကြသူများအား တွေ့ဆုံမေးမြန်းကြည့်ရာတွင် အကြမ်းဖက်သူများ၊ မြို့ရွာပျက်စီးရန် လုပ်ဆောင်နေသူများ၏ လှုံ့ဆော်ပြောဆိုမှုများအား ကျေနပ်လိုက်နာထောက်ခံခြင်းမျိုး လုံးဝ (လုံးဝ) မဟုတ်ဘဲ မိမိတို့၏ ဈေးဆိုင်များကို လာရောက်ဖျက်ဆီးမည့်အရေးမှ ရှောင်လွှဲခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ဒေါ်မူမူ(အမည်လွှဲ)**
**ဈေးဆိုင်ပိုင်ရှင်တစ်ဦး**

"ကြောက်လို့ ဆိုင်ပိတ်ခဲ့တာမဟုတ်ပါဘူး။ PDF လို့ ခေါ်တဲ့သူတွေက ယူနီဖောင်းမရှိကြဘူး။ အဖျက်သမားကိုး၊ မတိကျမသေချာတဲ့ စွပ်စွဲချက်တွေနဲ့ ဒုက္ခပေးတတ်ကြတယ်။ ကိုယ့်ဆိုင်၊ ကိုယ့်စီးပွား၊ ကိုယ့်အသက်ရှေရှည်ရပ်တည်နိုင်ဖို့ ရှောင်လွှဲခဲ့တာပါ။ ဆိုင်ဖွင့်တဲ့သူတွေလည်း ဖွင့်နေကြတာပါပဲ။ လမ်းမပေါ်မှာ သွားသူလည်းသွား၊ လာသူလည်းလာနေကြတာပဲ။ ဆိုင်ပိတ်ကြသူတွေ၊ အပြင်မထွက်ကြတဲ့သူတွေဟာ အသံတိတ်သပိတ်ကို ထောက်ခံကြတာ မဟုတ်ကြဘူး။ စကားလုံးလှလှသုံးတာ၊ ပြည်သူတွေကို အကြောင်းမဲ့ခေါင်းစဉ်တပ် သတ်ဖြတ်နေတာ၊ မြို့ရွာတွေကို မီးရှို့နေတာ၊ နောက်ဆုံးရလဒ်က သူတို့ပဲ ပြိုကွဲပျက်စီးဆုံးရှုံးမှာပါ။ ခေါင်းစဉ်အမျိုးမျိုးတပ်လုပ်နေတဲ့ သပိတ်တွေနဲ့ ခုလုပ်ခဲ့တဲ့ အသံတိတ်သပိတ်ကို လုံးဝ ထောက်ခံခြင်း မရှိပါဘူး။"

**ကိုနှင်းဝေ(အမည်လွှဲ)**

"ကျွန်တော်က ကယ်ရီဆွဲတယ်၊ ခရီးသည်တွေနည်းတာပါ၊ လုံးဝအပြင်မထွက်၊ မသွားကြတာမဟုတ်ဘူး။ သွားလာနေကြတာပါပဲ။ ကလေးကိုလည်း ကျောင်းပို့ခဲ့တယ်၊ ကယ်ရီလည်း ထွက်ဆွဲတယ်၊ အခြေအနေတော့ ကြည့်ရတာပေ့ါ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အကျိုးအကြောင်းရှင်းပြလို့ရပေမယ့် အကြမ်းဖက် PDF တွေက နားမလည်ဘူး။ သူတို့နဲ့ အယူအဆမတူရင် ဒလန်ဆိုပြီး ဒုက္ခပေးတာ။ ဒီဇင်ဘာ ၁၀ ရက် ဘာထူးလဲဆိုတော့ အိမ်ထဲမှာနေတော့ ကိုဗစ်မကူးဘူးဗျာ၊ ဆိုင်တွေပိတ်တာကလည်း သူတို့ကို ထောက်ခံတာမဟုတ်ဘူးလေ၊ သူတို့ကို ထောက်ခံကြတယ်ထင်ရင် မှားမှာပေ့ါ။ အနာဂတ်ရှိတယ်လေ၊ အဲဒီအနာဂတ်ကို လှပအေးချမ်းဖို့ ခဏတာမထွက်ကြတာ၊ ဒါပေမယ့် အလုပ်ရှိသူတွေ သွားနေတာပါပဲ။

ပြည်သူတွေ စိုးရိမ်စိတ်ဖြစ်အောင် လုပ်နေတဲ့ သပိတ်စုံတွေ၊ ခုလုပ်ခဲ့တဲ့ အသံတိတ်သပိတ်ကို လုံးဝ မထောက်ခံကြောင်း ပြောချင်ပါတယ်။"

**ဒေါ်ကျင်ပု(အမည်လွှဲ)**
**ဈေးသည်တစ်ဦး**

"အဒေါ်က ဈေးတော့လာတယ်၊ ဈေးမထွက်ဘူး။ ဈေးမထွက်တာ သူတို့ကိုကြိုက်လို့၊ ထောက်ခံလို့ မဟုတ်ဘူး။ ကိုယ့်ဆိုင်ကို လာဖျက်ဆီးမှာစိုးလို့လေ။ ကိုယ့်မှာ ဒီအလုပ်လေးနဲ့ မိသားစုစားဝတ်နေရေး ဖြေရှင်းနေရတာ။ ဖျက်ဆီးခံရလို့ ပျက်စီးသွားရင် မိသားစုဘဝတွေ ဒုက္ခရောက်မှာစိုးလို့ ဈေးမထွက်တာပါ။ သူတို့အဖျက်သမားတွေကတော့ ထင်မှာပဲ၊ သူတို့ကို ထောက်ခံတယ်လို့။ အဲ့ဒါမဟုတ်ပါဘူး။"

**ဦးဝေလင်း(အမည်လွှဲ)**
**ပြည်သူတစ်ဦး**

"အသံတိတ်သပိတ်တဲ့ဗျာ၊ လူတွေလမ်းပေါ်မထွက်နဲ့၊ ဈေးဆိုင်တွေမဖွင့်နဲ့၊ လမ်းပေါ်ယာဉ်မရှိနဲ့ ဘာညာ ဆော်ဩလှုံ့ဆော်နေတယ်။ ကျွန်တော်တို့က တစ်နေ့လုပ် တစ်နေ့စား ဘဝလေ။ သူတို့က စားဝတ်နေရေး ဘာပံ့ပိုးလို့လဲ။ ကိုယ့်မိသားစုတွေထမင်းစားဖို့ ထွက်ရမှာပဲ။ လမ်းပေါ်မှာလည်း သွားနေလာနေကြတယ်။ အချို့ဈေးဆိုင်တွေလည်း ဖွင့်နေကြတယ်။ ကားတွေ ဆိုင်ကယ်တွေလည်း သွားနေကြတာပဲ။ ပြည်သူတွေ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်နေတာကို နှောင့်ယှက်နေတာလို့ပဲ မြင်တယ်။ အဲဒီနေ့ ကျွန်တော်ကတော့ ပုံမှန်ပဲ၊ အပြင်ထွက် အလုပ်လုပ်တယ်။ မိသားစုစားရေးသောက်ရေးအတွက် ရှာဖွေတယ်၊ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး။"

ပဲခူးမြို့နယ်နည်းတူ အခြားသောမြို့ရွာများတွင်လည်း အဆိုပါနေ့က ဆိုင်မထွက်ကြသူများ၊ လမ်းပေါ် မထွက်ကြသူများသည် NUG, CRPH နှင့် PDF တို့၏ ပြောဆိုမှုနှင့် လုပ်ရပ်များအား ထောက်ခံ၍ မဟုတ်ကြဘဲ မိမိတို့၏ ဘဝနှင့်စီးပွားရေးလုပ်ငန်းများ ဖျက်ဆီးခံရမှု မဖြစ်ပေါ်စေရေးအတွက်သာ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ပြောဆိုသံများ ကြားသိခဲ့ရသည်။ **ပြည်ငြိမ်းချမ်း**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁၂-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ တရုတ်ကာတွန်း 'ဗိုးကောင်ကြီးဉယျာဉ်စွန့်စားခန်း' (အပိုင်း-၄၄)
၀၉:၁၀ MRTV Travelogue
၀၉:၂၅ အသိပညာနှင့်အမှန်တရား 'ကျန်းမာဖို့စိုက်ပျိုးစို့' (အပိုင်း-၂)
၀၉:၄၀ 'တူယှဉ်ဖွဲ့ပျော်ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၃)
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'ဆောင်းတစ်ညဝယ်' (ဝင်းဦး၊ ဝါဝါဝင်းရွှေ)
၁၆:၃၀ ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် (ဖွင့်ပွဲအခမ်းအနား အပိုင်း-၂)
၁၇:၂၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၄၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁' ထုတ်လွှင့်မှုအစီအစဉ် တိုင်းရင်းသားတေးသီချင်းဖြင့် ပျော်မြူးခြင်း

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

07:01 News
07:26 Global Partnership for Brighter Future: Colombia Pavilion at Expo 2020 Dubai
07:34 19 Hours
08:01 Dance of Myanmar: Proud of Being a Myaung Zee (or) Hmong
08:07 Karaweik Palace - A Symbol Of Glorious Myanma Culture
08:22 Today Myanmar
08:33 Products of Myanmar - Seashells Products
08:52 Gardener: Rose Plantation
09:02 Geographic Center of Myanmar
09:22 Myanma Agarwood
09:37 Kyauk Gu Umin Cave Gu Pha Ya
09:52 Green Grocer
10:01 Weekly Review

**MRTV NRC**

စကောကရင် (၀၆:၀၀ မှ ၀၇:၀၀)
ကရင်ရိုးရာဝတ်စုံရက်ကန်းရက်လုပ်ငန်း
အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
ကရင်စကားပုံများအကြောင်း (အပိုင်း-၁)
အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)
ဖားစည်မြေမှ ရောင်စုံအလှ (အပိုင်း-၃)
ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)
ဇီးဖြူသီးနှင့်ကျန်းမာရေး
ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလူမှုဘဝများ
မွန် (၁၁:၀၀ မှ ၁၃:၀၀)
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)
လခြမ်းမြေမှ ရိုးရာအလှ (အပိုင်း-၁)
ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)
တို့ဟူးဖြူဖြူလုပ်နည်း
ဝ (၁၇:၀၀ မှ ၁၉:၀၀)
ချစ်ရမွှက်မီး (အပိုင်း-၂) (ဇာတ်လမ်း)
ကချင် (၁၉:၀၀ မှ ၂၁:၀၀)
စီးပွားဖြစ်တဲ့ ငှက်ပျောစိုက်ခင်း
ကယား (၂၁:၀၀ မှ ၂၃:၀၀)
သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) (ဂုဏ်ပြုအစီအစဉ်)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံ ဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက စက်တင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ဖိတ်ခေါ်ကျင်းပခဲ့ရာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏ အနှစ်သာရတို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် မြန်မာနိုင်ငံ အနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၄၀က ပြိုင်ပွဲဝင်ဓာတ်ပုံ ၃၃၉ ပုံ ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ **ပထမဆု** ဦးဇော်မင်းလွင်၊ **ဒုတိယဆု** ကိုဝင်းတိုးနှင့် **တတိယဆု** သန်းနိုင်ဦး(ငဖဲ)တို့က ရရှိခဲ့ကြပြီး **အထူးဆု**များအဖြစ် ကောင်းဆက်ဝေ၊ ဦးအောင်ကျော်မိုး၊ သန်းနိုင်ဦး (ငဖဲ) နှစ်ဆုနှင့် ဦးချမ်းသာတို့က အသီးသီး ရရှိကြသည်။

ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုပေးပွဲ ကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့နယ်မှ အခက်အခဲရှိသော ဒေသခံများကို အမျိုးသမီးကွန်ရက်မှ ကူညီထောက်ပံ့ငွေများပေးအပ်

**သီပေါ ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် အမျိုးသမီး ကွန်ရက်မှ စားနပ်ရိက္ခာအခက်အခဲရှိသော ဒေသခံ တိုင်းရင်းသားပြည်သူများကို အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများအား ကျေးရွာအရောက် ကွင်းဆင်းကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ပြနှင့် အလှမ်းကွာဝေး၍ သွားလာမှုခက်ခဲသော စဥ့်အင်း၊ ပန်ခါး၊ တိန်းတောင်း၊ တာပုလဲကျေးရွာများနှင့် မြို့ပေါ် ၁၁ ရပ်ကွက်မှ စားဝတ်နေရေး အခက်အခဲရှိသော မိသားစုများအား ယနေ့နံနက်တွင် ကွင်းဆင်းသွားရောက်ပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မြို့နယ်အမျိုးသမီးကွန်ရက် တာဝန်ခံဒေါ်ခင်နှင်းဆီနှင့်အဖွဲ့က အိမ်ထောင်စုအလိုက် ပေးအပ်ရာ အိမ်ထောင်စု ၅၅၅ စုအတွက် ငွေကျပ် ၁၁၁၀၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၇၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၅၀ ကျပ် | ၁၂၅၀/၁၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၄၀/၁၂၇၀ ကျပ် | ၁၂၇၀/၁၂၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၅၀/၁၂၇၀ ကျပ် | ၁၂၉၅/၁၃၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၀၀/၁၃၃၅ ကျပ် | ၁၄၀၀/၁၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၁ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၃ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၉၄၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၇ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၇၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၅၀၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၈၀၃ | ၆၉၀၅၇၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၄၀၄ | ၄၃၅၂၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁ | ၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ကာလေန ဓမ္မဿဝနံ

## အခါအခွင့်သင့်တိုင်း တရားနာခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**အခါအခွင့်သင့်တိုင်း တရားနာခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓဘုရားရှင်က ဟောပါသည်။ တရားဟောကြားမည့်သူသည် ကိုယ်ကျင့်တရားနှင့် ပြည့်စုံခြင်း၊ ဟောမည့်တရားကို မိမိကိုယ်တိုင်က သိရှိကျင့်ကြံအားထုတ်ထားခြင်း၊ တရားနာယူမည့်သူက တရားကိုလိုလိုချင်ချင် နာယူလိုစိတ်ရှိခြင်း စသည့် အချက်သုံးချက်နှင့် ပြည့်စုံလျှင် အခါအခွင့်သင့်သည်ဟု ဆိုရပါမည်။ တရားနာယူလိုသူက လိုလိုချင်ချင် နာယူလိုစိတ်ရှိသော်လည်း တရားဟောမည့်သူက တရားကို လေ့လာကျင့်ကြံထားခြင်း မရှိလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်တရားနှင့် ပြည့်စုံခြင်းမရှိလျှင်သော်လည်းကောင်း နာယူမည့်သူသည် သဒ္ဓါကြည်ညိုစိတ်နည်းမည်ဖြစ်၍ အခါအခွင့်သင့်သည်ဟု ဆို၍မရပါ။**

### ကာလမသုတ်

ဗုဒ္ဓဘုရားရှင် သုံးနှုန်းခဲ့သည့် ဝေါဟာရများသည် အလွန်ပင် တိကျ၍ အဓိပ္ပာယ်ပြည့်ဝပါသည်။ ဗုဒ္ဓဘုရားရှင်က တရားနာသည့်အခါတိုင်း မင်္ဂလာတရားနှင့် ညီသည်ဟု မဟောပါ။ အခါအခွင့်သင့်သည့်အချိန် တရားနာမှသာ မင်္ဂလာတရားနှင့် ပြည့်စုံသည်ဟု ဟောပါသည်။ ဗုဒ္ဓဘုရားရှင်က တရားကို နာကြားပြီးသည့်အခါတိုင်းလည်း ဤတရားသည် မှန်သည် မှားသည်၊ မိမိအတွက် အကျိုးရှိမည် မရှိမည်ကို မိမိကိုယ်တိုင် ဆင်ခြင်သုံးသပ်သင့်ကြောင်းကို ကာလာမသုတ်တွင် ဟောခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက် ဘာသာအယူဝါဒ ဂိုဏ်းဂဏ ထူထောင်သူတို့သည်… "ငါ့ကိုသာ ယုံကြည်ကိုးကွယ်ကြရမည်။ ငါပြောသည့်အတိုင်းသာ ပြုလုပ်ကြရမည်။ ငါ့ကို မယုံကြည်လျှင် အပြစ်ရှိသည်။ ငရဲသို့ကျရောက်စေရမည်" ဟု ခြိမ်းခြောက် ဟောပြော၍ လူစုနေချိန်တွင် ဗုဒ္ဓဘုရားရှင်သည် ကောသလတိုင်း ကေသမုတ္တိ နိဂုံးရွာသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားရှင် ရောက်ရှိတော်မူကြောင်းကို ကေသမုတ္တိနိဂုံးသားတို့ ကြားသိရသည့်အခါ ဘုရားရှင်ရှိရာကို ရောက်လာကြပြီး အယူဝါဒဆိုင်ရာ ပြဿနာများကို မေးလျှောက်ကြပါသည်။

"အရှင် ဂေါတမမြတ်စွာဘုရား… အချို့သော သာမဏ ဗြာဟ္မဏတို့သည် ကေသမုတ္တိနိဂုံးကို ရောက်လာသည့်အခါတိုင်း မိမိအယူဝါဒကိုသာ ချီးမွမ်းပြောဆိုကြပြီး အခြားအယူဝါဒများကို ကဲ့ရဲ့ရှုတ်ချပါကုန်၏ ဘုရား၊ အရှင်ရဲ့ တရားတော်သည်လည်း မှန်သောတရားတော်ပါလား ဘုရား၊ အဘယ် သာမဏ၊ ဗြာဟ္မဏသည် မှန်သောစကားကိုဆိုသည်ကို အရှင်က ရှင်းပြပေးပါ ဘုရား" ဟု ဆိုကာ မေးလျှောက်ကြပါသည်။

ထိုအခါ ဗုဒ္ဓ ဘုရားရှင်က "ကာလာမတိုင်းသားတို့ … သင်တို့ တွေးတောယုံကြည်ခြင်းသည် သင့်လျော် မှန်ကန်ပေသည်။ ယုံမှားထိုက်သည့်အရာတွင် လူတို့ ယုံမှားတတ်ကြသည်။ မည်သည့်တရား မှန်သည် မှားသည်ကို အောက်ပါအချက်များဖြင့် သင်တို့ကိုယ်တိုင် ဝေဖန်ဆန်းစစ်ပါ" ဟု ဆိုကာ –

၁။ ဤတရားတော်သည် မိရိုးဖလာ ရှေးအစဉ်အဆက်က ပြောကြား သိမှတ်လာခဲ့သည့် "ရှေးစကား" ဖြစ်ရုံနှင့်လည်း အယူဝါဒတစ်ခုကို လက်မခံလိုက်ပါနှင့်၊

၂။ ဘိုးစဉ်ဘောင်ဆက် ကျင့်သုံးလာခဲ့သည့် "ဓလေ့ထုံးစံ" ဖြစ်ရုံနှင့် အားလုံးကို အမှန်ဖြစ်၏ဟု ယူဆပြီး လက်မခံလိုက်ပါနှင့်၊

၃။ လူအများက ပြောနေသည်ဟု လူသိထင်ရှား "နာမည်ကျော်ကြားရုံ"နှင့် စုံစမ်းဆင်ခြင်ခြင်းမရှိဘဲ အယူဝါဒကို လက်မခံလိုက်ပါနှင့်၊

၄။ "ရှေးဟောင်း စာပေကျမ်းဂန်" များတွင် ရေးထားသည်ဟု ဆိုကာ အလွယ်တကူ လက်မခံလိုက်ပါနှင့်၊

၅။ မိမိဉာဏ်နှင့် တွေးခေါ်ကြံဆထားသည့် "အယူအဆ" ကိုလည်း မှန်သည်ဟု မသတ်မှတ်လိုက်ပါနှင့်၊

၆။ တရားအယူအဆသည် ထောက်ပံ့ အမှီပြုအပ်သည့် "နည်းနာနိဿယ" တွေ၊ အကြောင်းပြချက်တွေရှိနေသည်ဟု ဆိုပြီး အလွယ်တကူ လက်မခံလိုက်ပါနှင့်၊

၇။ မိမိဘာသာ "တွေးခေါ်ကြံစည်ဆင်ခြင်ပြီး" ဟုတ်လှပြီဟု သဘောကျနှစ်ခြိုက်ရုံနှင့်လည်း မှန်လှပြီဟု မယူဆလိုက်ပါနှင့်၊

၈။ တရားအယူအဆများသည် မိမိစဉ်းစား တွေးတောမှုများနှင့် "တူညီသည်"ဟု ဆိုရုံနှင့်လည်း အမှန်အဖြစ် လက်မခံလိုက်ပါနှင့်၊

၉။ အများက "လေးစားရိုသေအပ်သည့် ပုဂ္ဂိုလ်ကြီး"၏ ပြောစကားဟု ဆိုပြီးလည်း မဆင်မခြင် မယုံကြည်လိုက်ပါနှင့်၊

၁၀။ ငါတို့ ရင်းနှီးကျွမ်းဝင်ချစ်ခင်သည့် "ငါတို့ဆရာသမား" ပြောကြားသော စကားဟုဆိုပြီး အပြီးသတ် လက်ခံယုံကြည်မှုကို မပြုလိုက်ပါနှင့်၊

ကာလာမတိုင်းသားတို့ သင်၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဦးစွာဆင်ခြင်သုံးသပ်ကာ–

ဤတရားတို့ကား … မကောင်းမှုတရားတို့ပေတည်း၊

ဤတရားတို့ကား … အကျိုးမဲ့ အပြစ်ကိုသာ ဖြစ်စေသောတရားတို့တည်း၊

ဤတရားတို့ကား … ပညာရှိတို့ကဲ့ရဲ့အပ်သော တရားတို့တည်း၊

ဤတရားတို့ကား … ဆင်းရဲဒုက္ခအပေါင်း မှ လွတ်မြောက်ကြောင်း မဟုတ်သော တရားတို့ ပေတည်း … ဟု ရှောင်ရှားပယ်စွန့်သင့်သည်တို့ကို စွန့်ပစ်ကာ လက်ငင်း အကျိုးကျေးဇူး အမှန်တကယ်ပြနိုင်သော တရားတို့ကိုသာ လက်တွေ့ကျင့်သုံးပြီးမှ ယုံကြည်လက်ခံကြပါ" ဟု ဟောကြားခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင်၏ ကာလာမသုတ်တရားတော်သည် အလွန်သိပ္ပံနည်းကျလက်တွေ့ဆန်ကာ ကမ္ဘာပေါ်ရှိ ဘာသာအယူဝါဒမျိုးစုံတို့ လက်ခံနိုင်သော တရားတော်လည်းဖြစ်ပါသည်။

သို့သော် ဝမ်းနည်းစရာ ကောင်းသည်မှာ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် အများစုသည် ဖေ့စ်ဘွတ်ပေါ်မှ သတင်းများ၊ အတင်းများကို မှန်သည်၊ မှားသည် မချင့်ချိန်ဘဲ ဒေါသ အလျောက် တုံ့ပြန်ကာ အမုန်း စကားဆိုခြင်း၊ မနာလိုဝန်တိုစိတ်ဖြင့် ကဲ့ရဲ့အပြစ်တင်ခြင်းတို့ကို နေ့စဉ်ပြုလုပ်နေခြင်းဖြစ်ပါသည်။ ဖေ့စ်ဘွတ်ပေါ်မှ သတင်းများသည် ရာနှုန်းပြည့် မှန်သည်ဟု ယူဆ၍မရပါ။ မှားနေသော သတင်းတစ်ခုကို မိမိက မှတ်ချက်ပေးခြင်း၊ ဝေမျှခြင်းတို့ မပြုလုပ်သင့်ပါ။ ပြုလုပ်မိပါက မိမိ၏ ဂုဏ်သိက္ခာကျနိုင်သည့်အပြင် အခန့်မသင့်ပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့်လည်း အရေးယူခံရနိုင်ပါသည်။ အမှားအမှန်ကို စစ်ဆေးပြီး သေချာသော သတင်းဖြစ်မှသာ မှတ်ချက်ပေး ခြင်း၊ ဝေမျှခြင်းတို့ လုပ်သင့်ပါသည်။ သို့မှလည်း ဗုဒ္ဓ၏ အဆုံးအမဖြင့် ကိုက်ညီပါမည်။ မှတ်ချက်ပေးသည့်အခါ အပြုသဘော စိတ်ဓာတ်ဖြင့်သာ ကောင်းမွန်သောစကားကို ဆိုသင့်ပါသည်။ တစ်ဖက်သားကို ထိခိုက်နစ်နာစေမည့်အရေးအသား အပြောအဆိုများကို ရှောင်ရပါမည်။ "ရေးသည် သူ့အဆင့် သူရှာသည်" ဆိုသော အင်္ဂလိပ်အဆိုအရ ဖေ့စ်ဘွတ်ပေါ်မှ အရေးအသား အပြောအဆိုများသည် မိမိ၏စိတ်ဓာတ် အဆင့်အတန်းကို ဖော်ပြနေသည်ကို သတိပြုရန် လိုပါသည်။

> **"ဖေ့စ်ဘွတ်ပေါ်မှသတင်းများသည် ရာနှုန်းပြည့် မှန်သည်ဟု ယူဆ၍မရပါ။ မှားနေသော သတင်းတစ်ခုကို မိမိက မှတ်ချက်ပေးခြင်း၊ ဝေမျှခြင်းတို့ မပြုလုပ်သင့်ပါ။ ပြုလုပ်မိပါက မိမိ၏ဂုဏ်သိက္ခာကျနိုင်သည့်အပြင် အခန့်မသင့်ပါက ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)ဖြင့်လည်း အရေးယူခံရနိုင်ပါသည်။ အမှားအမှန်ကို စစ်ဆေးပြီး သေချာသော သတင်းဖြစ်မှသာ မှတ်ချက်ပေးခြင်း၊ ဝေမျှခြင်းတို့ လုပ်သင့်ပါသည်။ သို့မှလည်း ဗုဒ္ဓ၏အဆုံးအမဖြင့် ကိုက်ညီပါမည်"**

အခါအခွင့်သင့်တိုင်း တရားနာခြင်းသည် လူကြီးများနှင့်သာ ဆိုင်သည်ဟု လူငယ်များ အယူမမှားသင့်ပါ။ ချမ်းသာအောင်မြင်လိုသည့် လူငယ်တိုင်းသည် "ကာလေနဓမ္မဿဝနံ" တရားကို လိုက်နာကျင့်ကြံရပါမည်။ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပါဠိတရားတော်တွေကို နာကြားသကဲ့သို့ လူပုဂ္ဂိုလ်များ၊ ဆရာများ၏ ဟောပြောပို့ချမှုများ၊ ဆုံးမဩဝါဒများမှလည်း ကောင်းသောတရား၊ မွန်မြတ်သော တရား၊ အကျိုးရှိသောတရားများကို နာယူရပါမည်။ ယနေ့ ဗုဒ္ဓဘုရားရှင်၏ သားတော် ဆရာတော်ကြီးများကလည်း လူတိုင်းနားလည်ရန် ပါဠိအနည်းဆုံးဖြင့် ဟောကြားနေသည်ကို တွေ့မြင်နေရပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဖြစ်စဉ်များ၊ ၅၅၀ နိပါတ်တော်လာ ဇာတ်တော်များကို ဖတ်ရှုလေ့လာခြင်းဖြင့်လည်း ဘုရားရှင် ဟောကြားနေသကဲ့သို့ သင်ခန်းစာများ ရရှိကာ အတွေးအမြင်များ ပြောင်းလဲလာနိုင်ပါသည်။

အခါအခွင့်သင့်တိုင်း တရားနာသည့်အတွက် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ ဆိုသည့် ကောင်းကျိုးချမ်းသာများကို ရမည်ဖြစ်ပါသည်။ နာကြားရသည့် တရားကြောင့် စိတ်ကျန်းမာခြင်း၊ ကိုယ်ကျန်းမာခြင်းဖြစ်၍ သက်တမ်းရှည်ရှည် နေရသည့် အကျိုးကျေးဇူးသည် အာယု ဖြစ်ပါသည်။ တရားနာရသည့်အတွက် ဒေါသကင်း၊ မာနကင်းကာ အဆင်းရူပါ လှပလာသည့် အကျိုးကျေးဇူးသည် ဝဏ္ဏ ဖြစ်ပါသည်။ တရားနာရခြင်းကြောင့် စိတ်ချမ်းသာမှု ပျော်ရွှင်မှုကိုရသည့် အကျိုးကျေးဇူးသည် သုခဖြစ်ပါသည်။ တရားနာရသည့်အတွက် ဉာဏ်ပညာ ကြီးမားလာခြင်း၊ ကြိုးစားအားထုတ်လိုစိတ် ပြင်းပြလာခြင်း၊ အလုပ်ကို အကောင်းဆုံးလုပ်ခြင်း စသည့် အကျိုးကျေးဇူးများကိုရခြင်းသည် ဗလ ဖြစ်ပါသည်။

အခါအခွင့်သင့်တိုင်း တရားနာသည့်အပြင် နာကြားရသည့်တရားများကို ကျင့်ကြံအားထုတ်မည်ဆိုလျှင်–

၁။ မကြားရသေးသော တရားတို့ကို ကြားနာရပါမည်။

၂။ ကြားနာခဲ့သော တရားများကို တည်တံ့ခိုင်မြဲစေပါမည်။

၃။ အယူအမြင် ဖြောင့်မှန်မည်။

၄။ ယုံမှားသံသယတို့ကို ပယ်ဖျောက်နိုင်မည်။

၅။ စိတ်နှလုံး ရွှင်လန်းစေမည် စသည့် အကျိုးကျေးဇူးများကို ခံစားရပါမည်။

ယင်းကို ပါဠိတော်ဖြင့် "နဝကပ္ပသုတဓမ္မံ၊ အဋ္ဌကပ္ပဋ္ဌ ယာစိတော၊ ဓောကကပ္ပောနုမောဒနာ၊ ဒေသိတောစ အသင်္ချေယျော"ဟု ဆိုပါသည်။

နိဂုံးချုပ်အားဖြင့် အခါအခွင့်သင့်တိုင်း တရားနာမည်ဆိုသည့် စိတ်ကို မွေးမြူထားလျှင် နေ့စဉ်တွေ့မြင်ကြားသိနေရသည့်အဖြစ်အပျက်များမှ မွန်မြတ်ကောင်းမွန်သည့် တရားများကို ဆင်ခြင်နိုင်ပါမည်။ ဆင်ခြင်ပြီးနောက် လိုက်နာကျင့်ကြံအားထုတ်ရန်လည်း လိုပါသည်။ အခါအခွင့်သင့်တိုင်း တရားနာကြားသူသည် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်မည် ဖြစ်ပါသည်။

**"မှတ်သားစရာ"**

တရားနာသည်ဆိုရာတွင် ဆရာတော်များဟောကြားသော တရားများအပြင် လူပုဂ္ဂိုလ်များ၊ ဆရာများ ပြောဆိုဆုံးမသည့် အဆုံးအမများကိုလည်း ကောင်းစွာ နာယူမှတ်သား၍ မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် အမှား၊ အမှန်ကို ပိုင်းခြားဆုံးဖြတ်တတ်ရန် လိုပါသည်။

**ကျမ်းကိုး**

၁။ "ဓမ္မရသ စာစုများ" အမှတ်–၂ (စာ–၁၄)။ ဓမ္မရေချမ်းစင်။

၂။ မင်္ဂလာအဘိဓာန်။

နိုင်ပြည်သူ

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

# ကမ္ဗောဇသာဒီနန်းတော်ဆောင်များ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၁၁**

ကမ္ဗောဇသာဒီနန်းတော်ဆောင်များ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ကြံ့ခိုင်မှုစစ်ဆေးခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးအခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကမ္ဗောဇသာဒီနန်းတော်ရာဝင်းအတွင်းရှိ မြေနန်းပြာသာဒ်ဆောင်၊ ဘမရာသနပလ္လင်ဆောင်များမှ ပျက်စီးနေသည့် အစိတ်အပိုင်းများ၊ မြန်မာမှု သစ်သားပန်းကနုတ်ပြားများ၏ အခြေအနေကို စစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်ရန်နှင့် ရေရှည်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများနှင့် ရှေးဟောင်းသမိုင်း ပညာရှင်များပါဝင်သော နန်းတော်ဆောင်များ ကြံ့ခိုင်မှုစစ်ဆေးရေး ထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ နန်းတော်ဆောင်များ ကြံ့ခိုင်မှုစစ်ဆေးရေး၊ ထိန်းသိမ်းရေးအဖွဲ့၏ မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များ၊ မှတ်တမ်းတင်ထားမှုများစသည့် အသေးစိတ်အချက်အလက် တင်ပြချက်များအပေါ် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ဒုတိယအကြိမ်အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဆောက်လုပ်ရေးအထူးအဖွဲ့(၃) ဒုတိယညွှန်ကြားရေးမှူးက ကမ္ဗောဇသာဒီ နန်းတော်ရာဝင်းအတွင်း ပုံစံတည်ဆောက်ပြသထားသည့် နန်းဆောင်များ၏ ကြံ့ခိုင်မှုစစ်ဆေးဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးများ၊ အရပ်ဘက်ရှေးဟောင်းသမိုင်းပညာရှင်များနှင့်တာဝန်ရှိသူများက အကြံပြုဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နန်းတော်ဆောင်များ ပြန်လည်ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သီးသန့်ဘဏ္ဍာငွေလျာထားပြီး သမိုင်းပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ မြန်မာမှုပညာရှင်များဖြင့် စနစ်တကျ အပိုင်းလိုက်ခွဲ၍ ရှေးမူမပျက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နန်းတော်ရာဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် အရိပ်ရသစ်ပင်နှင့် ရာသီအလိုက်ပွင့်သည့် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားပြီး ကမ္ဗောဇသာဒီ နန်းတော်ရာဝင်းအတွင်းရှိ မြေနန်းပြာသာဒ်ဆောင်နှင့် ဘမရာသနပလ္လင်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြစ်ကြီးနားမြို့ ပြည်သူ့ရင်ပြင်၌ ခရစ္စမတ်ပွဲတော်အတွက် ရောင်စုံမီးများအလှဆင်ထား

**မြစ်ကြီးနား ဒီဇင်ဘာ ၁၁**

မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်ရှိ ပြည်သူ့ရင်ပြင်၌ ခရစ္စမတ်ပွဲတော်ကာလအတွင်း အများပြည်သူ အပန်းဖြေနိုင်ရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ရောင်စုံစလိုက်မီးများဖြင့် အလှဆင်ယင်ထားရှိမှုနှင့် ခရစ္စမတ်သစ်ပင်စိုက်ထူထားရှိမှုတို့ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက ဒီဇင်ဘာ ၈ ရက်က လှည့်လည် ကြည့်ရှုစစ်ဆေး၍ ခရစ္စမတ်ပွဲတော် ရက်အတွင်း ကိုဗစ်စည်းကမ်းနှင့်အညီ နှာခေါင်းစည်းတပ်ဆင်စေခြင်း၊ လက်ဆေးစေခြင်းတို့ကိုဆောင်ရွက်၍ ပြည်သူများ လုံခြုံမှုရှိစေရေး စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့အပြင် မြစ်ကြီးနားလေဆိပ်ကို သန့်ရှင်းသာယာလှပသည့် နေရာတစ်ခုဖြစ်စေရေးအတွက် လေဆိပ်ရှေ့၌ ပန်းခြံငယ် အလှဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်း သွားရောက်ကြည့်ရှုကာ ပန်းခြံငယ်ဖြစ်ပေါ်လာရေးအတွက် မြေယာရှူခင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှု၊ အလှမီးတိုင်များ၊ ကားပါကင်နှင့် အုတ်ရေမြောင်း၊ ရေမြောင်းဖုံးများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနားလေဆိပ်သည် ပြည်နယ်၏ တံခါးတစ်ချပ်သဖွယ်ဖြစ်သည့်အတွက် ပြည်နယ်သို့ လာရောက်သူအားလုံး၏ မြင်ကွင်းတွင် သန့်ရှင်းသာယာလှပသည့် နေရာတစ်ခုအဖြစ် ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘားအံမြို့မဈေးကြီးနှင့် အမှတ်(၁)အဆင့်မြင့်စံပြဈေးကို ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၁**

ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဈေးကွက်ဖော်ဆောင်ထားရှိမှုအခြေအနေ၊ ဆိုင်ခန်းများနေရာ ချထားမှုအခြေအနေ၊ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရေ၊ မီး၊ မိလ္လာဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဈေးသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၀ ရက်တွင် သွားရောက် စစ်ဆေးရာ ဘားအံမြို့မဈေး၌ ဈေးတာဝန်ခံများက ဈေးအတွင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ ဈေးအတွင်း လှည့်လည် ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)အဆင့်မြင့် စံပြဈေး၌လည်း ဈေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ၊ အခက်အခဲများကို မေးမြန်း ဆွေးနွေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် ဈေးကော်မတီဝင်များက အမှတ် (၁)စံပြဈေးသည် သား၊ ငါး၊ ကုန်စိမ်းကုန်စည်ဒိုင်ဈေးဖြစ်ပြီး ဆိုင်ခန်းပေါင်း ၁၆၅၂ ခန်းရှိရာ လိုအပ်ချက်များကို တင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဈေးအတွင်း အမှိုက်နှင့်ရေဆိုးစွန့်ပစ်သည့်စနစ်၊ အများသုံးသန့်စင်ခန်းများနှင့် ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၌ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းဖွင့်

**မကွေး ဒီဇင်ဘာ ၁၁**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)၌ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၀) ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး၊ ပြည်သူ့ဘဝလုံခြုံမှုနှင့် လူမှုစီးပွားရေး တိုးတက်မှုတို့အတွက် စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်သည် (Human Capital) ဟုခေါ်သည့် လူသားအရင်းအနှီးများ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မှီခိုနေသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအား အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုပညာရပ်များကို ကျွမ်းကျင်တက်မြောက်ထားမှသာ လယ်ယာလုပ်ငန်းကို အခြေပြုလုပ်ကိုင်နေရသည့် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းကြီးများအဆင့်သို့ တက်လှမ်းနိုင်ပြီး စက်မှုလယ်ယာအဆင့်သို့ ကူးပြောင်း လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းဆရာ ဆရာမများအနေဖြင့်လည်း သင်တန်းသား သင်တန်းသူများအား သင်ကြား ပို့ချရာတွင် နိုင်ငံတကာ ပညာရေး စံချိန်စံညွှန်းသတ်မှတ်ချက်များကိုအခြေခံပြီး နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေစွာ မြှင့်တင် သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဦးမိုးမင်းထွဋ်က သင်တန်းသို့ သင်တန်းသား သင်တန်းသူများ တက်ရောက်မှုအခြေအနေနှင့် သင်တန်းတွင် ဖွင့်လှစ်သင်ကြားမည့် သင်ခန်းစာများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်တွေ့ သင်ကြားပို့ချမည့် သင်တန်းခန်းများကို လိုက်လံကြည့်ရှုသည်။ **(အပေါ်ပုံ)**



အဆိုပါ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းတွင် စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် လေ့ကျင့်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**



ဆရီနာဝီလီယံ

# ဆရီနာဝီလီယံ ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ချန်ပီယံဟောင်း ဆရီနာဝီလီယံသည် ၂၀၂၂ခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု သိရသည်။ ၎င်း၏ဆေးအဖွဲ့မှ အကြံပြုချက်အရ ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုတော့ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဂရင်းဆလမ်းဆု ၂၃ ကြိမ်ရရှိခဲ့သော ဆရီနာဝီလီယံသည် ဒဏ်ရာပြဿနာများနှင့် လုံးပန်းနေရပြီး ခြေချင်းဝတ်ဒဏ်ရာပြဿနာကြောင့် ပွဲခြောက်ပွဲနှင့် လွဲချော်ခဲ့ရသည်။

ကိုယ်ခန္ဓာကျန်းမာမှုမှာ အရေးကြီးသည့်အတွက် ယခုလိုခက်ခဲသည့်ဆုံးဖြတ်ချက်မျိုး ချလိုက်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ မဲလ်ဘုန်းမြို့သည် ၎င်းအနှစ်ခြိုက်ဆုံးမြို့ဖြစ်ပြီး ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် ယခင်ကတည်းက မျှော်လင့်ခဲ့ကြောင်း၊ ပရိသတ်ရှေ့သို့ပြန်လာချင်ပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၆ ရက်ကလည်း ၂၀၁၉ ခုနှစ် အမေရိကန်အိုးပင်းချန်ပီယံ ဘီယန်ကာ အန်ဒရက်စကူသည် ယခုနှစ်ရာသီ အဓိကပွဲစဉ်ကို ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများ၌ ပြန်လည်မပါဝင်မီ ခေတ္တအနားယူခဲ့ခြင်းဖြစ်သည်။

အောင်

# ပေကျင်းဆောင်းရာသီအိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တက်ရောက်မည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ပေကျင်းဆောင်းရာသီအိုလံပစ်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ပေကျင်းဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီထံမှ ဖိတ်ကြားစာရရှိခဲ့ကြောင်းနှင့် ၎င်းသည် အဆိုပါဖိတ်ကြားချက်ကို လက်ခံခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရက်က ပြောကြားလိုက်သည်။

ပြင်သစ်သမ္မတ အန်မန်နျူရယ်မက်ခရွန်က ၎င်းအနေဖြင့် ပေကျင်းဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ တက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

အိုလံပစ်ပွဲအားကစားပွဲတော်သည် နိုင်ငံရေးမဆန်သင့်ကြောင်း မက်ခရွန်က ပြောသည်။

# နမီးဘီးယားတွင် တစ်ဦးချင်းတောင်တက်စက်ဘီးစီးပြိုင်ပွဲ ကျင်းပ

နမီးဘီးယားရဲ့ အကြီးဆုံးအားကစားပွဲစဉ်တစ်ခုအဖြစ် ဒေသတွင်းနဲ့ နိုင်ငံတကာစက်ဘီးစီးပြိုင်ပွဲကို နမီးဘီးယားနိုင်ငံ မြို့တော် ဝင်းဟုပ်မှသည် ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်တဲ့ ဆွာကော့မောင့်အထိ ဒီဇင်ဘာ ၁၀ ရက်က စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပခဲ့ပါတယ်။

စက်ဘီးစီးသမား ရာပေါင်းများစွာနဲ့ သူတို့ရဲ့ အထောက်အကူပြုအဖွဲ့တွေ၊ မိသားစုတွေနဲ့ စက်ဘီးစီးအားကစားချစ်သူတွေဟာ ဒီဇင်ဘာ ၁၀ ရက်က ၁၁ ရက်အတွင်းမှာ ဆွာကော့မောင့်မှာ တွေ့ဆုံခဲ့ကြပါတယ်။ သူတို့ရဲ့ သုံးစွဲနိုင်မှုအားပေါ် မူတည်ပြီး ကမ်းရိုးတန်းမြို့ရဲ့ စီးပွားရေးလည်း တိုးတက်လာမယ်လို့ မျှော်လင့်ရပါတယ်။ အဲဒီဒေသရဲ့ စီးပွားရေးဟာ ကိုဗစ်-၁၉ ကပ်ရောဂါရိုက်ခတ်မှုကြောင့် နိုင်ငံခြားသားအဝင်ကျဆင်းခဲ့ပြီး စီးပွားရေးလည်း အင်အားချည့်နဲ့ခဲ့ပါတယ်။

ကမ်းခြေဒေသရဲ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ ခရီးသွားတွေကို လိုအပ်နေချိန်မှာ တိုက်ဆိုင်စွာနဲ့ပဲ အခုလို အားကစားပွဲ ကျင်းပခွင့်ရခဲ့တာပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဟာ နမီးဘီးယားရဲ့ စီးပွားရေးနဲ့ ခရီးသွားကဏ္ဍကြီးထွား ဖွံ့ဖြိုးမှုကို နှေးကွေးစေခဲ့ပါတယ်။ အားကစားပြိုင်ပွဲ ကျင်းပခွင့်ရခဲ့တဲ့အတွက် ဒါဟာ ပြည်တွင်းခရီးသွားကဏ္ဍကို ပြန်လည်အသက်ဝင်စေမယ့် အရေးကြီးအခန်းက ပါဝင်နေဦးမှာဖြစ်ပါတယ်။



စက်ဘီးစီးအားကစားသမားများကို တွေ့ရစဉ်။

ပြည်သူ့ဆက်ဆံရေးအရာရှိတစ်ဦးဖြစ်သူ ကော်လင်ဂီက နမီးဘီးယားဟာ ဒီနှစ်မှာတော့ ပြည်တွင်းကော နိုင်ငံတကာ စက်ဘီးစီးအားကစားသမားတွေကို ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်လာပါတယ်။ ဒီပွဲဟာ ကမ္ဘာ့အရှည်ဆုံး တစ်ဦးချင်း တောင်တက် စက်ဘီးစီးပြိုင်ပွဲတစ်ပွဲဖြစ်ပါတယ်။ ကီလိုမီတာ ၃၆၃ ရှည်လျားပါတယ်။

စက်ဘီးစီး အားကစားသမားတွေအကုန် ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးထားတဲ့ စစ်ဆေးမှုကို တင်ပြရန် လိုအပ်ကြောင်းလည်း သိရပါတယ်။

## ပေကျင်း ၂၀၂၂ အိုလံပစ်အားကစားပြိုင်ပွဲသည် ငြိမ်းချမ်းရေးနှင့် ညီနောင်ရင်းပမာချစ်ကြည်မှုကိုဖော်ပြသော အခြေခံအုတ်မြစ်တစ်ခုဖြစ်လာမည်

ပေကျင်း ၂၀၂၂ အိုလံပစ်အားကစားပြိုင်ပွဲဟာ ငြိမ်းချမ်းရေးနဲ့ ညီနောင်ရင်းပမာချစ်ကြည်မှုကိုဖော်ပြတဲ့ အခြေခံအုတ်မြစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ကျူးဘားကျွမ်းကျင်သူတစ်ဦးက ပြောကြားလိုက်ပါတယ်။

ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ တရုတ်အစိုးရနဲ့ သူ့ရဲ့ပြည်သူတွေဟာ နိုင်ငံတကာအားကစားပြိုင်ပွဲကြီးတွေကို အောင်မြင်စွာ လက်ခံကျင်းပနိုင်မယ့် အတွေ့အကြုံကောင်းများ ရရှိသွားမှာဖြစ်တယ်လို့ အဆင့်မြင့်အားကစား သတင်းထောက်တစ်ဦးဖြစ်တဲ့ Victor Ortega က ပြောကြားလိုက်ပါတယ်။

လာမယ့်လတွေမှာ ပေကျင်းဟာ ဆောင်းရာသီအိုလံပစ်နဲ့ နွေရာသီ အိုလံပစ်ပြိုင်ပွဲနှစ်ခုစလုံးကို အောင်မြင်စွာ လက်ခံကျင်းပခဲ့တဲ့ ကမ္ဘာ့ပထမဆုံးမြို့တော် စာရင်းဝင်သွားမှာ ဖြစ်တယ်လို့ သူက ဆက်ပြောလိုက်ပါတယ်။ တရုတ်နိုင်ငံဟာ အိုလံပစ်တန်ဖိုးတွေဖြစ်တဲ့ အကောင်းဆုံးဖြစ်မှု၊ မိတ်ဆွေဖြစ်မှု၊ ကြင်နာစိတ်ရှိသော လူ့အသိုက်အမြုံအတွက် အကောင်းဆုံးကမ္ဘာကြီးကို မြှင့်တင်တည်ဆောက်နိုင်ရန် လေးစား သမှုရှိမှုစတဲ့ စံနှုန်းတွေကို ကာကွယ် ထားတယ်လို့ Ortega က ပြောပါတယ်။

လင်းခေတ်ဆန်

# နာမည်ကျော်ဘောလုံးသမားဟောင်းကြီး ပီလီ အကျိတ်ဖယ်ရှားပြီးနောက် ဆေးရုံပြန်တက်ရ

ဘရာဇီးဂန္ထဝင် ဘောလုံးသမားကြီး ပီလီသည် အူမကြီးအကျိတ်ဖယ်ရှားပြီးနောက် ကုသမှုဆက်လက်ခံယူရန်အတွက် ဆေးရုံသို့ပြန်တက်ခဲ့ရကြောင်း သိရသည်။ အသက် ၈၁ နှစ် အရွယ်ပီလီသည် စက်တင်ဘာလအတွင်းက အကျိတ်ဖယ်ရှားမှုကိုလုပ်ဆောင်ခဲ့ပြီး ဓာတုကုထုံးဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးသည်ဟု ဆရာဝန်များကပြောသည်။



ဘရာဇီးဂန္ထဝင် ဘောလုံးသမားကြီး ပီလီကို ဆေးရုံပေါ်တွင် တွေ့ရစဉ်။

လူနာ၏အခြေအနေမှာ တည်ငြိမ်မှုရှိပြီး မကြာမီဆေးရုံမှ ဆင်းရတော့မည်ဟု ဆော်ပိုလိုရှိ အဲလ်ဘတ်အိုင်းစတိုင်းဆေးရုံက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြခဲ့ခြင်းမရှိပေ။ ပီလီကိုယ်တိုင်ကလည်း ပြီးခဲ့သည့်လအတွင်း နေထိုင်၍ပိုကောင်းလာကြောင်း ပြောကြားခဲ့သည်။ ၎င်းသည်စက်တင်ဘာ ၃၀ ရက်တွင် ဆေးရုံမှဆင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားကို သုံးကြိမ်တိုင်တိုင် ကိုင်မြှောက်ခွင့်ရခဲ့သည့်ပီလီသည် ၂၀၁၂ခုနှစ် တင်ပါးဆုံရိုး ခွဲစိတ်ကုသမှု လုပ်ဆောင်ပြီးနောက် လူမြင်ကွင်းသို့ သိပ်မထွက်တော့ပေ။ ၎င်းတွင် ဆီးကျိတ်နှင့် ကျောက်ကပ်ပြဿနာများကြောင့်လည်း ဆေးရုံတက်ကာ ကုသမှုခံခဲ့ရသည်။ ပီလီ၏ သားဖြစ်သူက ၎င်း၏ဖခင်မှာ ကျန်းမာရေးအခြေအနေကြောင့် စိတ်ဖိအားနှင့် ရင်ဆိုင်နေရကြောင်း ပြီးခဲ့သည့်နှစ်အတွင်း ပြောကြားခဲ့သည်။

အောင်



# ဇန်နဝါရီတွင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာလိုနေသည့် မာရှယ်

မန်ယူတိုက်စစ်ကစားသမား အန်သိုနီ မာရှယ်သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာလိုသည်ဟု မန်ယူအသင်းကို ပြောကြားထားကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသူဖြစ်ပြီး ပရီမီယာလိဂ် ၁၅ ပွဲကစားပြီးချိန်တွင် နှစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိထားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ မာရှယ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ၆၇ မိနစ်သာ ကစားထားရသေးသည်။ မာရှယ်သည် မန်ယူအသင်း၌ ပွဲကစားခွင့်နည်းပါးနေခြင်းအပေါ် စိတ်ပျက်လျက်ရှိပြီး ယာယီနည်းပြသစ် ရန်းနစ်ခ်လက်ထက်တွင်လည်း ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် မသေချာသည့်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းအနေဖြင့် ဦးစားပေးခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဒူဆန်ဗလာဟိုဗစ်ကို မအောင်မြင်ခဲ့ပါက မာရှယ်ကို ခေါ်ယူသွားဖွယ်ရှိသည်။ မာရှယ်နှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်သက်တမ်းတိုးခွင့်နှင့်အတူ သုံးနှစ်ကျန်ရှိနေသေးသည်။

အောင်ဇော်

# သမဝါယမအားဖြင့်ဆောင်ရွက် ရွှေညာသားတို့ ပဲခွဲစက်

ယနေ့ကမ္ဘာပေါ်တွင် မီတင်းနေထိုင်ကြသော လူသားတို့သည် လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အညီ မိမိတို့၏ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းစေရေးအတွက် အာဟာရပြည့်ဝသော အစားအသောက်များကို ရွေးချယ်စားသောက်လာကြပါသည်။ ထိုသို့အာဟာရပြည့်ဝသော အစားအသောက်များထဲတွင် ကုလားပဲသည် အသားဓာတ်အများဆုံးပါဝင်သော အစားအစာဖြစ်ပါသည်။ ကုလားပဲကို ဟင်းအဖြစ်လည်းကောင်း၊ မုန့်မျိုးစုံပြုလုပ်ရာတွင်လည်းကောင်း အများဆုံးအသုံးပြုကြပါသည်။ ကုလားပဲကို မြန်မာနိုင်ငံတွင် စားသုံးသူ များပြားသကဲ့သို့ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်လည်း စားသုံးသူ များပြားပါသည်။ ထို့ကြောင့် ကုလားပဲသည် ပြည်တွင်းဈေးကွက်တွင် သာမကပဲ ပြည်ပဈေးကွက်ကိုပါ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိနိုင်သော စားသောက်ကုန်ပစ္စည်းမျိုး ဖြစ်ပေသည်။

**လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည်**

ထိုကဲ့သို့ ပြည်တွင်းပြည်ပဈေးကွက်ရှိသည့် ကုလားပဲကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးကြပါသည်။ အဆိုပါဒေသများမှ ထွက်ရှိသော ကုလားပဲများကို ကုလားပဲကြမ်းအဖြစ် ကြိတ်ခွဲပြီး ဈေးကွက်အတွင်း တင်ပို့ရောင်းချနိုင်ရန်အတွက် မုံရွာမြို့နယ် သမဝါယမအသင်းစုပိုင် ပဲခွဲစက်သည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိပေသည်။ မုံရွာမြို့နယ် သမဝါယမအသင်း အသင်းစုပိုင် ပဲခွဲစက်သည် မုံရွာမြို့နယ် အလယ်ရပ်ကွက်တွင် တည်ရှိပြီး တစ်နှစ်လျှင် ကုလားပဲခြမ်း ပိဿာ ၂၁၇၅၀၀၊ ကုလားပဲခွံ ပိဿာ ၃၀၀၀၀၊ ကုလားပဲအနှစ် ပိဿာ ၁၅၀၀၀ ထုတ်လုပ်နိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ရာ တစ်နှစ်လျှင် ကုလားပဲခြမ်း ပိဿာ ၂၉၀၀၀၀၊ ကုလားပဲခွံပိဿာ ၄၀၀၀၀၊ ကုလားပဲအနှစ် ပိဿာ ၂၀၀၀၀တို့ကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဈေးကွက်ထိုးဖောက်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

မုံရွာမြို့နယ် သမဝါယမအသင်းစုက ထုတ်လုပ်သော ကုလားပဲခြမ်း၊ ကုလားပဲခွံ၊ ကုလားပဲအနှစ်များကို မိမိမြို့နယ်၊ ဒေသအတွင်း ဈေးကွက်ဖော်ဆောင်မှုအနေဖြင့် လိုအပ်သော လက်ကားအရောင်းဆိုင်များသို့ အမှာလွှာအရ ပေးပို့မည်ဖြစ်ကြောင်း၊ ဈေးကွက်ထိုးဖောက်မှုအနေဖြင့် ပစ္စည်းအရည်အသွေးကောင်းမွန်အောင် ပဲအရောင်တင်စက်၊ ခဲရွေးစက်များ တပ်ဆင်မည်ဖြစ်ပြီး ပဲများအား အသန့်စင်ဆုံးဖြစ်အောင် ဆောင်ရွက်ကာ ဒေသပေါက်ဈေးဖြင့် ဖြန့်ဖြူးမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်အနေဖြင့် ဒေသတွင်းသာမက ဒေသပြင်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်ရုံထုတ်ပစ္စည်းများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း တွင်ကျယ်စွာ ရောင်းချနိုင်ရေးအတွက် တိုင်းအတွင်းရှိ ကုန်စည်ဒိုင်နှင့် အခြားမြို့နယ် သမဝါယမအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**အကျိုးကျေးဇူးများရရှိ**

အချုပ်အားဖြင့်ဆိုရသော် မုံရွာမြို့နယ် သမဝါယမအသင်းစုပိုင် ပဲခွဲစက်သည် ဒေသခံကုလားပဲစိုက်တောင်သူများထံမှ ကုလားပဲကုန်ကြမ်းများကို ဒေသပေါက်ဈေးဖြင့် ဝယ်ယူပြီး ကြိတ်ခွဲသည့်အတွက် ဒေသခံတောင်သူများ၏ ကုလားပဲရောင်းလိုအားအပေါ် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိပြီး ကြိတ်ခွဲပြီးသား ကုလားပဲခွံ၊ ကုလားပဲခြမ်းနှင့် ကုလားပဲအနှစ်များကို သက်သာသောဈေးနှုန်းဖြင့် ပြန်လည်ရောင်းချသည့်အတွက် ကုလားပဲစားသုံးသူများအနေဖြင့် အရည်အသွေးကောင်း၍ ဈေးနှုန်းသက်သာသော ကုလားပဲများကို ဝယ်ယူစားသုံးနိုင်မည်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် မုံရွာမြို့နယ် သမဝါယမအသင်းစုပိုင် ပဲခွဲစက်သည် ရွှေညာသားတို့ သာမကဘဲ ရွှေမြန်မာတို့တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

**“မုံရွာမြို့နယ် သမဝါယမအသင်းစုပိုင် ပဲခွဲစက်သည် ဒေသခံ ကုလားပဲစိုက်တောင်သူများထံမှ ကုလားပဲကုန်ကြမ်းများကို ဒေသပေါက်ဈေးဖြင့် ဝယ်ယူပြီး ကြိတ်ခွဲသည့်အတွက် ဒေသခံတောင်သူများ၏ ကုလားပဲရောင်းလိုအားအပေါ် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိပြီး ကြိတ်ခွဲပြီးသား ကုလားပဲခွံ၊ ကုလားပဲခြမ်းနှင့် ကုလားပဲအနှစ်များကို သက်သာသော ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချသည့်အတွက် ကုလားပဲစားသုံးသူများအနေဖြင့် အရည်အသွေး ကောင်း၍ ဈေးနှုန်းသက်သာသော ကုလားပဲများကို ဝယ်ယူစားသုံးနိုင်မည် ဖြစ်ပေသည်”**

မျိုးမင်းဦး(သ/မဦးစီး)

# သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက ဓာတ်ခွဲတိုင်းတာခြင်းဝန်ဆောင်မှုဖြင့် ဘဏ္ဍာငွေရှာဖွေပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၁



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် အစိုးရအဖွဲ့ဝန်ကြီးများသည် ရန်ကင်းမြို့နယ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဌာနမှ သုတေသနပြု စမ်းသပ်ထုတ်လုပ်သည့် MSME လူသုံးကုန် ပစ္စည်းများနှင့်စားသောက်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစစ်ဆေးပြီးနောက် အစည်းအဝေးခန်းမတွင် သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းက ပညာရှင်များနှင့် အုပ်ချုပ်ရေးဝန်ထမ်းအင်အား ၂၇၀ ဖြင့် သိပ္ပံ ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ပင်မမောင်းနှင်အားဖြင့် သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်း ၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုများ၊ အီလက်ထရွန်နစ်နည်းပညာနှင့် ဓာတုနည်းပညာများအသုံးပြု၍ သုတေသနလုပ်ငန်းဆောင်ရွက်မှု ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပြည်ပနိုင်ငံများနှင့် ဆက်သွယ်ချိတ်ဆက်လုပ်ဆောင်နေမှုများ၊ ဓာတ်ခွဲတိုင်းတာခြင်းဝန်ဆောင်မှုလုပ်ငန်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေရှာဖွေပေးနေမှုများနှင့် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်မင်းနိုင်က နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသော Solar Roof Top နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များသို့ နည်းပညာလွှဲပြောင်းပေးမည့် လုပ်ငန်းစဉ်များနှင့် မူပိုင်ခွင့်အခြေအနေ၊ မြို့တော်စည်ပင်စွန့်ပစ်အမှိုက်များနှင့် ဇီဝမြေသြဇာထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကဏ္ဍအလိုက်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ Pressure ၊ Volumetric ၊ Mass ၊ Dimensional ၊ Temperature ၊ Electrical ဓာတ်ခွဲခန်းများနှင့် National Analytical ဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးရာ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စိုးလွင်နှင့် ဒေါက်တာထွန်းထွန်းမိုးတို့က ရှင်းလင်းပြသသည်။

ဆန်းကျော်ဦး(ပြန် /ဆက်)

# ဗန်းမောက်မြို့နယ်၌ (၁၀)ကြိမ်မြောက် တိုင်းလိုင်(သျှမ်းနီ) နှစ်သစ်ကူးအထိမ်းအမှတ် ကောက်ဦးဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

**ဗန်းမောက် ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နမ့်မားအုပ်စု နမ့်အော့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ (၁၀)ကြိမ်မြောက် တိုင်းလိုင်(သျှမ်းနီ) နှစ်သစ်ကူးအထိမ်းအမှတ် ကောက်ဦးဆွမ်းဆက်ကပ် လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ ရက်(နတ်တော်လပြည့်)နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရှမ်းသက္ကရာဇ် ၂၁၁၅ ခုနှစ်မှ ၂၁၁၆ ခုနှစ်သို့ ကူးပြောင်းသည့် နတ်တော်လဆန်း ၁ ရက်နေ့မှစတင်ကာ တိုင်းလိုင်(သျှမ်းနီ)နှစ်သစ်ကူးကောက်ဦးဆွမ်းကပ်လှူဒါန်းပွဲများကို စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့မှ ရှမ်းနီလူမျိုးများရှိရာ မြို့ရွာအချို့တွင် ကျင်းပနေကြပြီး ဗန်းမောက်မြို့နယ်လုံးဆိုင်ရာ တိုင်းလိုင် (သျှမ်းနီ)နှစ်သစ်ကူးကောက်ဦးဆွမ်းဆက်ကပ်လှူဒါန်းပွဲကိုလည်း သျှမ်းနီလူငယ်ကွန်ရက်မှဦးဆောင်၍ နတ်တော်လပြည့်နေ့တွင် ကျင်းပရန် ရပ်နီးရပ်ဝေးနေတိုင်းလိုင်(သျှမ်းနီ)ညီနောင်များအားအသိပေး ဖိတ်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

“ဗန်းမောက်မြို့နယ် သျှမ်းနီလူငယ်ကွန်ရက်က ဦးဆောင်ပြီးတော့ ကျင်းပမှာပါ။ နတ်တော်လဆန်း ၁ ရက်နေ့မှာ ကျင်းပမယ်လို့ စီစဉ်ထားပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ဘူး။ နတ်တော်လပြည့်နေ့မှ ကျင်းပမှာပါ”ဟု ဗန်းမောက်မြို့နယ် သျှမ်းနီလူငယ်ကွန်ရက်ဥက္ကဋ္ဌ ကိုစိုင်းထွန်းအောင်က ပြောသည်။

တောင်သူများ၏ လယ်ယာမြေများနှင့် တောင်ယာမြေများတွင် စိုက်ပျိုးခဲ့ကြသော စပါးများရိတ်သိမ်းပြီးချိန် ပေါ်ဦးပေါ်ဖျား ကောက်သစ်စပါးများကိုကြိတ်ကာ ဆွမ်းထမင်းဟင်းနှင့် ရိုးရာမုန့်ပဲသွားရည်စာများကို မြတ်စွာဘုရားရှင်နှင့် သံဃာတော်အရှင်သူမြတ်များအား ဆက်ကပ်လှူဒါန်းကြပြီး သျှမ်းနီရိုးရာယဉ်ကျေးမှုဖြစ်သော အတီးအမှုတ်အကအခုန်များဖြင့် ဖြေဖျော်ကာ သျှမ်းနီလူမျိုးများ၏ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်မှုများကို ပြသသည့်ပွဲလည်းဖြစ်သည်။

နှစ်သစ်ကူး ကောက်ဦးဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဗန်းမောက်မြို့နယ်၌ ရှမ်းသက္ကရာဇ် ၂၁၀၇ ခုနှစ် နှစ်သစ်ကူးမှစ၍ ကျေးရွာများနှင့် ဗန်းမောက်မြို့ပေါ်၌ နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၁၁၆ ခုနှစ်တွင် (၁၀)ကြိမ်မြောက်အဖြစ် နမ့်မားအုပ်စု နမ့်အော့ကျေးရွာ၌ ရိုးရာအကအလှများ၊ ရိုးရာဝတ်စားဆင်ယင်မှုများဖြင့် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဘွား(ဗန်းမောက်)

# ပင်လောင်းမြို့အဝင်၌ ပြည်သူများအား RDT Test kit ဖြင့် ကိုဗစ်- ၁၉ စစ်ဆေးပေး

ပင်လောင်း ဒီဇင်ဘာ ၁၁ - ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အဝင် ပင်လောင်း- လွိုင်ကော်- ပျဉ်းမနားလမ်းခွဲ စုပေါင်းစစ်ဆေးရေးဂိတ်၌ နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ RDT Test Kit ဖြင့် စစ်ဆေးပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်မှု တားဆီးကာကွယ်နိုင်ရေးအတွက် ပြည်သူလူထုအား ပါးစပ်နှာခေါင်းစည်း စနစ်တကျတပ်ဆင်အသုံးပြုစေခြင်း၊ ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ မြို့တွင်းနှင့် အပြင်ထွက်သွားလာသည့် ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ RDT Test Kit ဖြင့် စစ်ဆေးပေးခြင်း၊ မော်တော်ယာဉ်ဖြင့် ခရီးသွားပြည်သူများအား စာရင်းမှတ်တမ်းကောက်ယူထားခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ခွန်အာကာစိုး

## ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးဂိတ် ပြန်ဖွင့်ချိန်တွင် ကိုဗစ်- ၁၉ ကူးစက်မှုမရှိစေရေး ကြိုတင်ပြင်ဆင်

**ဝိုင်းမော် ဒီဇင်ဘာ ၁၁**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးဂိတ် ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင် ပြင်ဆင်မှုများကို ဒီဇင်ဘာ ၈ ရက် က ဝိုင်းမော်- ကန်ပိုက်တီလမ်းပေါ်ရှိ ၁၃ ကီလိုမီတာ ယာဉ်ရပ်နားစခန်း၌ ပြုလုပ်သည်။


ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား RDT Test Kit ဖြင့် စစ်ဆေးမှုကို ကြိုတင် လေ့ကျင့်လုပ်ဆောင်နေစဉ်။

ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲရလဒ်များအရ နယ်စပ်ဂိတ်ပြန်လည် ဖွင့်လှစ်ရာတွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ သီးနှံစိုက်ပျိုးရေးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ် - ၁၉ ရောဂါပိုး ရှိမရှိ RDT Test Kit ဖြင့် စစ်ဆေးခြင်း၊ ပိုးတွေ့လူနာတွေ့ရှိပါက ဆေးရုံသို့ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ခြင်းတို့ကို ကြိုတင်လေ့ကျင့် လုပ်ဆောင်ခဲ့ကြသည်။

ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးဂိတ်ကို ဒီဇင်ဘာလ တတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်နယ်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘောဇသာဒီနန်းတော်ရာအတွင်း ခရစ္စမတ်အထိမ်းအမှတ်ကျောက်တိုင် ပြုလုပ်ပေးထား

**ပဲခူး ဒီဇင်ဘာ ၁၁**
ဒီဇင်ဘာ ၂၅ ရက်သည် ခရစ္စမတ်နေ့ဖြစ်ပြီး ရုံးပိတ်ရက်လည်းဖြစ်သည့်အတွက် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်သို့ လာရောက်လည်ပတ် လေ့လာအပန်းဖြေကြသူများ စိတ်နှလုံးအေးချမ်းစေရန်နှင့်



အမှတ်တရ ဓာတ်ပုံရိုက်နိုင်ရန်အတွက် ခရစ္စမတ်အထိမ်းအမှတ်ကျောက်တိုင်(Christams Pillar)ပုံစံ အလှဆင်ပြုလုပ်ပေးထားကြောင်း သိရသည်။

အဆိုပါ ခရစ္စမတ်အထိမ်းအမှတ်ကျောက်တိုင်ပုံစံကို ရောင်စုံပုသိမ်ထီး အလက်ရေ ၇၀ ဖြင့်ပြုလုပ်ထားပြီး ထိပ်တွင် လျှပ်စစ်မီးရောင်စုံမီးဖြင့် အလှဆင်ထားသည့် ကြယ်ပုံစံတစ်ခုပါရှိကြောင်း သိရသည်။

"ကမ္ဘောဇသာဒီနန်းတော်ကို လာရောက်လည်ပတ်ကြသူတွေ စိတ်အေးချမ်းပျော်ရွှင်စေဖို့ ခရစ္စမတ်အထိမ်းအမှတ်လေး ပြုလုပ်ပေးထားပါတယ်။ နန်းတော်ထဲမှာ အမှတ်တရဓာတ်ပုံရိုက်ဖို့ နေရာတွေရှိပေမယ့် ခရစ္စမတ်နေ့အတွက် ထပ်တိုးပြုလုပ်ပေးထားတာပါ" ဟု တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးစိုးကိုကိုက ပြောသည်။

ကမ္ဘောဇသာဒီနန်းတော်သည် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပဲခူးမြို့ရှိ သမိုင်းဝင်စေတီပုထိုးဘုရားများကို လာရောက်ဖူးမြော်လေ့လာကြရာတွင် မဖြစ်မနေ ဝင်ရောက်လေ့လာလည်ပတ်လေ့ရှိသည့် အထင်ကရနေရာတစ်ခုလည်း ဖြစ်သည်။

**မောင်ယဉ်ဦး**

## မန္တလေးတိုင်းဒေသကြီး၌ ဆောင်းကုလားပဲ ဧက ၂၁၀၀၀၀ ကျော် စိုက်ပျိုးမည်

**မန္တလေး ဒီဇင်ဘာ ၁၁**
မန္တလေးတိုင်းဒေသကြီးအတွင်း ယခုမိုးနှောင်းရာသီတွင် ခရိုင်အလိုက် ဆောင်းကုလားပဲ ဧက ၂၁၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပဲသီးနှံဌာနမှ ဦးစီးအရာရှိ ဒေါ်မြတ်ဆုက ပြောကြားသည်။

အဆိုပါ ဆောင်းကုလားပဲများကို ခြောက်လမိုးနှောင်းရာသီအတွင်း ခရိုင်ခုနစ်ခုတွင် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ခရိုင်အလိုက် စိုက်ပျိုးရာတွင် မန္တလေးခရိုင်၌ ၄၉၄၅ ဧက၊ ပြင်ဦးလွင်ခရိုင်၌ ၁၃၂၁၈ ဧက၊ ကျောက်ဆည်ခရိုင်၌ ၈၆၉၆၈ ဧက၊ မိတ္ထီလာခရိုင်၌ ၄၅၉၇၄ ဧက၊ မြင်းခြံခရိုင်၌ ၂၉၈၃၈ ဧက၊ ညောင်ဦးခရိုင်၌ ၅၇၇၄ ဧက၊ ရမည်းသင်းခရိုင်၌ ၂၅၆၂၇ ဧက စုစုပေါင်းစိုက်ဧက ၂၁၀၀၀၀ ကျော်ကို



စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယနေ့အထိ စိုက်ပျိုးပြီးဧက ၇၄၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ကုလားပဲကို ပြည်တွင်းမှာသာမက ပြည်ပကိုတင်ပို့နိုင်အောင်၊ ပြည်တွင်းစားသုံးမှုလည်း လုံလုံလောက်လောက်ဖြစ်နိုင်အောင် စိုက်ပျိုးနေပါတယ်။ တိုင်းဒေသကြီးအနေနဲ့ ကုလားပဲတင်း ၂၉ သိန်းကျော်ထွက်ရှိပါတယ်။ ကုလားပဲက ပြည်တွင်းစားသုံးမှုအပြင် ပြည်ပကိုလည်းတင်ပို့နိုင်ပါတယ်။ ကုလားပဲအပြင် ကျန်တဲ့ပဲမျိုးကွဲတွေကိုလည်း တိုးချဲ့စိုက်ပျိုးနေပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ ဆောင်းရာသီကာလ စိုက်ပျိုးတဲ့ပဲမျိုးက ဧက ၅၁၀၀၀၀ ကျော်နဲ့ မိုးရာသီဆိုရင် ဧက ၇၂၀၀၀၀ ကျော်တို့ကို စိုက်ပျိုးပါတယ်။ ကုလားပဲအပြင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ထောပတ်ပဲစသဖြင့် ပဲမျိုးကွဲ ၁၈ မျိုးစိုက်ပျိုးပါတယ်။ ကုလားပဲကို ခရိုင်အလိုက်စိုက်ပျိုးရာမှာ ကျောက်ဆည်ခရိုင်က အများဆုံး စိုက်ပျိုးပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ကုလားပဲကို နှစ်စဉ်ဆောင်းရာသီတွင် အမြဲစိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရာ၌ နိုဝင်ဘာလ ၁၅ ရက်မှစတင်စိုက်ပျိုးကာ ဒီဇင်ဘာလ ၁၅ ရက်အတွင်း စိုက်ပျိုးပြီးစီး၍ ဖေဖော်ဝါရီလမှ မတ်လအတွင်း ရိတ်သိမ်းကြောင်း၊ ကုလားပဲတစ်ဧကလျှင်ပျမ်းမျှ ၁၅ တင်းမှ တင်း ၂၀ ထွက်ရှိပြီး သက်တမ်းအနေဖြင့် ၉၅ ရက်မှ ရက် ၁၂၀ အတွင်းရှိကြောင်း၊ ကုလားပဲမျိုးများအနေဖြင့် ရေဆင်း ၃၊ ရေဆင်း ၄၊ ရေဆင်း ၆၊ ရေဆင်း ၈၊ ရေဆင်း ၁၂ နှင့် ကရာချီမျိုးများကို အများဆုံးစိုက်ပျိုးကာ စိုက်ပျိုးမှုအများဆုံးအနေဖြင့် ရေဆင်းမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆိုလာပစ္စည်းများထောက်ပံ့ပေးအပ်

**ဟိုပန် ဒီဇင်ဘာ ၁၁**
'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆိုလာပစ္စည်းများထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်က လျှပ်စစ်မီးမရရှိသည့် ကျေးရွာများတွင် ဆိုလာပစ္စည်းများရရှိရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ ကျေးရွာအတွက်ရရှိသည့် ဆိုလာများကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက မရရှိသေးသူများအား မဲစနစ်ဖြင့် စနစ်တကျခွဲဝေပေးရေး၊ မိမိတို့ကျေးရွာများတွင် ကုမ္ပဏီများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလာရောက်ဆောင်ရွက်ရာတွင် စိတ်ဝင်စားစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့နောက် ဟိုပန်မြို့နယ် ကျေးရွာအုပ်စု ၁၂ အုပ်စုအတွက်ရရှိသည့် ဆိုလာအစုံ ၃၅၀ ကို ဥက္ကဋ္ဌ ဦးညီနပ်နှင့်အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများကပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံယူကြသည်။

ဆက်လက်၍ ဆိုလာပစ္စည်းထောက်ပံ့ပေးအပ်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများကိုယ်စား ဟာဖြတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ဆိုလာပစ္စည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၂ အုပ်စုအတွက် အစုံ ၃၅၀၊ မက်မန်းခရိုင်အတွက် အစုံ ၁၀၀ နှင့် မန်ကန်မြို့အတွက် အစုံ ၅၀ စုစုပေါင်း ဆိုလာအစုံ ၅၀၀ ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြင်းမူမြို့နယ်တွင် ဒေသခံ ၄၅၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီး

**မြင်းမူ ဒီဇင်ဘာ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ သာသနာ့နွယ်ဝင် ရဟန်းနှင့် သီလရှင်များအပါအဝင် ဒေသခံပြည်သူ ၄၅၃၅၀ အား ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံသာသနာ့နွယ်ဝင်များ၊ ပြည်သူများအပါအဝင် စုစုပေါင်း ၉၉၀၅၂ ဦးအား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အထိ မြို့နယ်အနေဖြင့် CovidShield ၆၂၄ လုံး ၊Sinopharm အလုံး ၅၃၉၀ နှင့် Sinovac ၁၀၆၆ လုံးရရှိခဲ့ပြီး ပထမအကြိမ်အဖြစ် ၁၈၅၃၁ ဦးနှင့် ဒုတိယအကြိမ် ၂၆၈၁၉ ဦး စုစုပေါင်း ဒေသခံပြည်သူ ၄၅၃၅၀ ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရန် (ဆေးလုံးဝမထိုးရသေးသူ)၇၀၄၅၀ ကျန်ရှိကြောင်း၊ လက်ရှိအချိန်တွင် မြို့နယ်ပြည်သူ့ အားကစားရုံ (မိုးလုံလေလုံ) အားကစားခန်းမ တစ်နေရာတည်းတွင်သာ နေ့စဉ် နံနက်၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထိုးနှံပေးလျက်ရှိကြောင်း၊ ဆေးထိုးနှံပေးရာတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများလည်းပါဝင်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားသမားများ လေ့ကျင့်နေ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

၂၀၂၂ ခုနှစ်လတွင် ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ (ASEAN Para Games)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် မသန်စွမ်းအားကစား သမားများအနေဖြင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာ နိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ချုပ် လေ့ကျင့်ရေးအားကစားရုံ၌ လေ့ကျင့်လျက်ရှိကြောင်း သိရ သည်။

"(၁၁)ကြိမ် မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစား သမား ၁၂၀ စခန်းသွင်းသွားမှာပါ။ ယခင် လက်ရွေးစင်တွေနဲ့ မျိုးဆက်သစ်တွေကို နိုဝင်ဘာလ ကစပြီး စခန်းသွင်းထားတာ။ အခု အားကစားသမား ၈၆ ယောက်ရှိပါတယ်။ လေ့ကျင့်ချိန် က နံနက်တစ်ချိန်၊ ညနေတစ်ချိန် လေ့ကျင့်ကြပါတယ်။ အဓိက ယှဉ်ပြိုင်ရမှာ ထိုင်းအသင်း ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြော သည်။



မသန်စွမ်းအားကစားသမားများ မြားပစ်အားကစားနည်း လေ့ကျင့်နေစဉ်။

၂၀၁၉ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ ၌ (၁၀)ကြိမ်မြောက်ပြိုင်ပွဲကို ကိုဗစ်-၁၉ ကြောင့် မလုပ်ဖြစ်ခဲ့ ကြောင်း၊ (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစား ပြိုင်ပွဲကိုမူ အိမ်ရှင် ဗီယက်နမ်က SEA Game ပြိုင်ပွဲသာ ကျင်းပပြီး မသန်စွမ်း အားကစားပြိုင်ပွဲကို မပြုလုပ်ဟု ယခုလဆန်းက ကြေညာထားခဲ့ကြောင်း၊ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံက ကျင်းပမည် ဟု အဆိုပြုထားရာ အင်ဒိုနီးရှား နိုင်ငံ၌ ကျင်းပရန်အတွက် ၂၀၂၂ ဇန်နဝါရီလဆန်းတွင် ဆုံးဖြတ် မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မသန်စွမ်းအားကစား ပြိုင်ပွဲတွင် မြန်မာအားကစား သမားများသည် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ မြားပစ်၊ အလေးမ၊ ဂိုးဘောနှင့် မျက်မမြင်ချက်စ် (စစ်တုရင်) အားကစားနည်း ခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ် ကြောင်း သိရသည်။

မြန်မာအားကစားသမားများ သည် ၂၀၁၇ ခုနှစ်က မလေးရှား နိုင်ငံတွင် ကျင်းပသည့် (၉)ကြိမ် မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေ ၁၁ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခု ဆွတ်ခူးရရှိခဲ့ ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- အာကာစိုး**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်း များနှင့် အလှူငွေများ လှူဒါန်းခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် (ရတနာကောင်းကင်ကုမ္ပဏီ) မိသားစုက ကျပ်သိန်းတစ်ထောင်တန်ဖိုးရှိ အောက်ဆီဂျင်အရည်တန် ၂၀ TANK နှင့် တစ်နေ့လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အလုံး ၁၀၀၀ ထုတ်ပေး နိုင်သောစက်၊ (Focus Star ကုမ္ပဏီအုပ်စုနှင့် KTR ကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၉၈၃ သိန်းကျော်တန်ဖိုးရှိ အောက်ဆီဂျင်အရည် ၁၇၅ ဒသမ ၆ တန်၊ ရွှေမိုင်းဖြူကုမ္ပဏီက ငွေကျပ် ၉၃၆ သိန်းတန်ဖိုးရှိအောက်ဆီဂျင် အရည်တန် ၁၆၀၊ Chain Family Assets ကုမ္ပဏီလီမိတက်က ငွေကျပ် ၃၅၁ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်အရည်တန် ၆၀၊ Paing Family ကုမ္ပဏီလီမိတက်က ငွေကျပ် ၃၅၁ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်အရည် တန် ၆၀ ၊ အလှူရှင်လေးဦးက တစ်ဦးလျှင် ငွေကျပ် ၂၃၄ သိန်း တန်ဖိုးရှိ အောက်ဆီဂျင်အရည်တန် ၄၀ စီ၊ အလှူရှင် ၁၉ ဦးက တစ်ဦးလျှင် ငွေကျပ် ၁၁၇ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်အရည်တန် ၂၀ စီ၊ အလှူ ရှင်တစ်ဦးက ငွေကျပ် သိန်း ၁၀၀ ၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က အလှူငွေကျပ် ၁၀ သိန်း နှင့် ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းကာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ပြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

**ဆန်းကျော်ဦး( ပြန်/ဆက်)**



## တပ်ကုန်းမြို့နယ်အတွင်း ခေတ်မီစံပြကျေးရွာထူထောင်ရေး ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း ဒီဇင်ဘာ ၁၁**

နေပြည်တော် တပ်ကုန်းမြို့နယ် ရှားတော ကျေးရွာအုပ်စု ဝွေးပင်ကျေးရွာကို ခေတ်မီ စံပြကျေးရွာအဖြစ် ထူထောင်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျေးရွာ ပြည်သူများ ညှိနှိုင်းခြင်းအစည်းအဝေးကို ဒီဇင်ဘာ ၉ ရက်က အဆိုပါကျေးရွာတာဝန်ခံ ဦးကျော်ဆန်းဦးနေအိမ်၌ ပြုလုပ်သည်။

အစည်းအဝေးတွင် တပ်ကုန်းမြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူစိုးက ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေ ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားလာစေရန်၊ သွင်းအားစု၊ နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် ကျေးလက် စီးပွားရေးမြင့်မားစေရန်၊ ကျေးရွာသူ ကျေးရွာ သားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည် မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန် ရည်ရွယ်ချက်များဖြင့် စံပြကျေးရွာ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဝွေးပင်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသား များ အဆိုပြုတင်ပြထားသည့် လုပ်ငန်းအမျိုး အစားအလိုက် ပြန်လည်ဆွေးနွေး ပြောကြား ပြီး ဘက်စုံသုံးခန်းမနှင့် ကျောင်းဆောင်သစ် အတွက် မြေနေရာများ၊ အဆင့်မြင့်လယ်ယာ မြေစနစ်ဖော်ဆောင်ရန် တင်ပြထားသည့် နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**တင်စိုးလွင်**
**(ပြန်/ဆက်)**

## တမူးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည်ထုတ်လုပ်နည်းသင်တန်းဆင်း

**တမူး ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာ ကာလတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည် ထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို ယမန်နေ့က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တမူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ဥမ္မာခင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူခိုင်က သင်တန်းတွင် ပို့ချခဲ့သော ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြား သည်။ ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းကာလ ပြီးမြောက်အောင် တက်ရောက်ခဲ့သူများအား သင်တန်းဆင်းလက်မှတ် များ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည် ထုတ်လုပ်နည်းသင်တန်းကို တမူးမြို့နယ်အတွင်းရှိ အင်တိုင်းကျေးရွာ၊ ပန့်သာကျေးရွာ၊ အလှော်ကျေးရွာတို့မှ သင်တန်းသူ ၁၅ ဦး တက် ရောက်ခဲ့ကြပြီး သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## ကသာမြို့နယ်၌ မုတ်သုံမိုး ရက်ဆက်ရွာမည်ကို စိုးရိမ်၍ မိုးစပါးများ အချိန်မီရိတ်သိမ်းလျက်ရှိ

**ကသာ ဒီဇင်ဘာ ၁၁**

ကသာမြို့နယ်၌ ယခုရက်ပိုင်း အတွင်း မိုးရွာသွန်းမည့် အခြေ အနေရှိနေသဖြင့် မုတ်သုံမိုး ဆက်တိုက်ရွာမည်ကို စိုးရိမ်ပြီး တောင်သူများအနေဖြင့် မိုးစပါး များကို နေ့စားလုပ်သားများ ငှားရမ်းကာ အချိန်မီ ရိတ်သိမ်း လျက်ရှိသည်။

"စပါးရိတ်ချိန်၊ ကောက်လှိုင်း ဖြာခင်းလှန်းထားချိန်၊ ကောက် လှိုင်းစည်းထားချိန်တွေမှာ ရက် အနည်းငယ် မိုးမိလိုက်ရင် စပါးအညှောက်ပေါက်ပြီး စပါး အစိုဓာတ်များတော့ စပါးစက်နဲ့ ကြိတ်ခွဲရင် ဆန်ကျိုးတာတွေ ဖြစ်လို့ ဆန်မလှဘူး။ ရောင်းချရင် ပေါက်ဈေးထက်ဈေးလျှော့ ရောင်း ရတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

မိုးစပါးများအချိန်မီ ရိတ်သိမ်း ပြီးစီးရေးအတွက် နေ့စားအလုပ် သမားငှား၍စပါးရိတ်သိမ်းရာတွင် လူတစ်ဦးတစ်ရက်လျှင် စပါးရိတ်ခ ငွေကျပ် ၅၀၀၀၊ စက်ဖြင့် ခြွေလှေ့ခ တင်း ၁၀၀ လျှင် လေးတင်းပေး၍ ရိတ်သိမ်းခြင်း လုပ်ငန်းကို ဆောင်ရွက်နေကြ ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်အတွင်း ကသာ မြို့နယ်တွင် မိုးစပါးသီးနှံစိုက် ဧက ၃၈၅၀၀ ကို စိုက်ပျိုးထားရှိ ကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ သိရသည်။

**ငွေအိုး**
**(ကသာ)**



## မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ကြက်တောင်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ



**မိတ္ထီလာ ဒီဇင်ဘာ ၁၁**

၂၀၂၁ ခုနှစ် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလားအသက် ၂၅ နှစ်အောက် အမျိုးသားအမျိုးသမီး ကြက်တောင်ပြိုင်ပွဲနှင့် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ခရိုင်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်၊ မြို့နယ်လေးမြို့နယ်မှ အုပ်ချုပ်ရေးမှူးများနှင့် နည်းပြတာဝန်ခံများ ကြည့်ရှုအားပေးကြရာ အမျိုးသားဖူဆယ်ဘောလုံး ဗိုလ်လုပွဲပြိုင်ပွဲတွင် မိတ္ထီလာမြို့နယ်က ဝမ်းတွင်းမြို့နယ်ကို လေးဂိုး – သုံးဂိုးဖြင့်နိုင်ပြီး ဗိုလ်စွဲသွားသည်။ ကြက်တောင်ပြိုင်ပွဲ (အမျိုးသား)တွင် မိတ္ထီလာအသင်းက ပထမနှင့် မလှိုင်အသင်းက ဒုတိယ၊ ကြက်တောင်ပြိုင်ပွဲ(အမျိုးသမီး) တွင် မိတ္ထီလာအသင်းက ပထမနှင့် ဝမ်းတွင်းအသင်းက ဒုတိယဆု ရရှိကြသည်။

ပြိုင်ပွဲအပြီး ဆုများပေးအပ်ချီးမြှင့်ရာ ဒုတိယဆုရရှိကြသည့် ဝမ်းတွင်း အမျိုးသားဖူဆယ်အသင်းနှင့် အမျိုးသမီးကြက်တောင်အသင်း၊ မလှိုင်အမျိုးသား ကြက်တောင်အသင်းတို့မှ အားကစားသမားများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက ဒုတိယဆုတံဆိပ်လည်ဆွဲများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ မိတ္ထီလာအမျိုးသားဖူဆယ်အသင်း အမျိုးသား၊ အမျိုးသမီး ကြက်တောင်အသင်းတို့မှ အားကစားသမားများကို ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဇေယျနှင့် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သက်ထွန်းတို့က တစ်ဦးချင်း ပထမဆုတံဆိပ်လည်ဆွဲများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား ကြက်တောင်ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ မိတ္ထီလာအသင်းမှ ညီညီထွန်း၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ မိတ္ထီလာအသင်းမှ အိအိဖြိုးနှင့် ဖူဆယ်ပြိုင်ပွဲတွင်အကောင်းဆုံးအားကစားသမားဆုရ မိတ္ထီလာအသင်းမှ မျိုးသီဟန်တို့အား ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက ငွေသားဆုနှင့် အကောင်းဆုံးဆုတို့ကို ချီးမြှင့်ပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ကြက်တောင်ပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသည့် မိတ္ထီလာ အမျိုးသားအသင်းနှင့် မိတ္ထီလာအမျိုးသမီးအသင်း၊ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ၌ မိတ္ထီလာအသင်းတို့ကို ငွေသားဆုများနှင့် ပထမတံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

## မြိတ်၊ မဟာအောင်မြေ၊ မုဒုံနှင့် တန့်ယန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မြိတ်မြို့ ကန်ခေါင်းရပ်ကွက် ကန်ခေါင်းဈေးလမ်း (သန္တာလမ်း) တွင် ကျော်မင်းဦး(ခ)ယူစွဖ်(ခ)ရီဆွတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့ အလယ်ကျွန်းရပ်ကွက် ခွာညိုလမ်းနေ မအေးအေးသန်း(ခ) လာဟီမာဘီ ကို ၎င်း၏နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့်လည်းကောင်း၊ မွန်းလွဲ၁ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့ ကန်ခေါင်းရပ်ကွက် ကန်ခေါင်းဈေးလမ်း(သန္တာလမ်း)နေ မဥမ္မာဆွေ(ခ)မရာဟီမာ ကို ၎င်း၏နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့်လည်းကောင်း။

ဒီဇင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲတွင်မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၂) ၆၀ x ၆၁ လမ်းကြား ၄၃(A)လမ်းရှိ Hotel အခန်းအမှတ်(၂၀၅) သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်မင်းသက်၊ စိုင်းထွန်းလှ (ခ)ထွန်းလှနှင့် မဝေဝေထွန်းတို့ သုံးဦးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး ၅၆၆၄ ပြားကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မုဒုံမြို့ မြို့မ(၃)ရပ်ကွက် မော်လမြိုင်-သံဖြူဇရပ်သွား ကားလမ်း ရွှေဟသာ်ဈေးရှေ့တွင် စောကလိုထူး (ခ) ကျော်ပုမောင်းနှင်ပြီး ထွန်းအုပ် လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၅၀၇၀ ကိုလည်းကောင်း၊ ယင်းနေ့ ညပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၆)ရပ်ကွက်ရှိ ဒေါ်ပါနန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ကျော်မင်းဦး(ခ)ယူစွဖ်(ခ)ရီဆွတ်၊ မအေးအေးသန်း(ခ)လာဟီမာဘီနှင့် မဥမ္မာဆွေ(ခ)မရာဟီမာ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ကျိုင်းတုံမြို့၌ အမျိုးသမီးသုံးဦး အသတ်ခံရမှုဖြစ်ပွား

**ကျိုင်းတုံ ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် ကျိုင်းငင်း(၁) လမ်းရှိ နေအိမ်တစ်အိမ်၌ ဒီဇင်ဘာ ၁၀ ရက်က အမျိုးသမီး သုံးဦး အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် ကျိုင်းငင်း(၁)လမ်းရှိ နေအိမ်တစ်အိမ်၊ ငွေလဲလှယ်နှင့် မြို့မဈေးအတွင်း အထည်ရောင်းလုပ်ကိုင်သူ၏ နေအိမ်ရှေ့တံခါးအနီးတွင် မသင်္ကာဖွယ်သွေးစများ တွေ့ရှိရကြောင်း တာဝန်သိပြည်သူတစ်ဦးက ဖုန်းဆက်အကြောင်းကြားသဖြင့် မြို့မရဲစခန်းက သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပွားရာ နေအိမ်နှစ်ထပ်တိုက် မြေညီထပ်၌ ဒေါ်ခင်ခင်ချို(ခ)မာရှောင်ရှွင် (၅၈ နှစ်)၊ ဒေါ်လှရွှေ (၆၁ နှစ်)နှင့် ဒေါ်အေးစိန် (၅၉ နှစ်)တို့သည် ဓားဒဏ်ရာများရရှိပြီး သေဆုံးနေကြောင်းတွေ့ရှိခဲ့၍ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## မြန်မာအသင်း ထိုင်းကို ရှုံးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

စင်ကာပူနိုင်ငံ၌ကျင်းပနေသည့် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (က) တတိယနေ့ကို ဆက်လက်ပြုလုပ်ရာ ထိုင်းနှင့် ဖိလစ်ပိုင်အသင်း အနိုင်ရပြီး မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။ တတိယနေ့တွင် ဖိလစ်ပိုင်အသင်းက တီမောအသင်းကို ခုနစ်ဂိုး–ဂိုးမရှိ၊ ထိုင်းအသင်းက မြန်မာအသင်းကို လေးဂိုး– ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းဆီမှ အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ သုံးပွဲကစားရာတွင် သုံးမှတ်သာရသေးသည့် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အခွင့်အရေး နည်းပါးသွားပြီဖြစ်ပြီး လက်ကျန်ပွဲများကို စောင့်ကြည့်ရမည်ဖြစ်သည်။ ထိုင်းအသင်းမှာမူ နှစ်ပွဲဆက်အနိုင်ရထားခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် အခွင့်အရေးရှိလာသည်။

မြန်မာအသင်းသည် မျိုးမင်းလတ် (ဂိုး)၊ ဒေးဗစ်ထန်၊ ဝင်းမိုးကျော်၊ ဟိန်းဖြိုးဝင်း၊ ဆွမ်လမန်၊ လှိုင်းဘိုဘို၊ မောင်မောင်ဝင်း၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး တီမောကို အနိုင်ရသည့် ပွဲထွက်လူစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ နာမည်ကြီးကစားသမားအများစု ပါဝင်လာသည့် ထိုင်းအသင်းသည် မြန်မာအသင်းကို ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့ပြီး ဒန်ဒါ၊ ချာနာသစ်နှင့် ဆူပါချိုင်းတို့၏ တိုက်စစ်တွဲလုံးမှာ မြန်မာဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၂၃ မိနစ်တွင် ထိုင်းအသင်း အဖွင့်ဂိုးရခဲ့ပြီး ဒန်ဒါက ပယ်နယ်တီဧရိယာထိပ်မှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ပေ။ ဒုတိယပိုင်းအစတွင် ထိုင်းအသင်း ဒုတိယဂိုးရခဲ့ပြီး ၅၃ မိနစ်တွင် ဒန်ဒါကပင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ထိုင်းအသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၇၇ မိနစ်တွင် ဝိုရာချစ်နှင့် ၉၀+၂ မိနစ်တွင် ဆူပါချော့တို့က သွင်းယူခဲ့သည်။ မြန်မာအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း လူစားဝင်တိုက်စစ်မှူး ဝင်းနိုင်ထွန်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့သည်။

အုပ်စုတတိယနေ့အပြီးတွင် စင်ကာပူနှင့် ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား သုံးမှတ်၊ မြန်မာအသင်းက သုံးပွဲကစား သုံးမှတ်ရထားပြီး တီမောအသင်းမှာမူ သုံးပွဲကစား သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

● *ကျောဖုံးမှ*

ရှစ်ဦးအထိ အပြောင်းအလဲပြုလုပ်ပြီး ဂျီးဆပ်၊ စတားလင်း၊ ဂရီးလစ်ချ်တို့ ဦးဆောင်ကာ ဝုဖ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဝုဖ်အသင်းကလည်း အားထားရသည့် ဂျီမီနက်ဇ်၊ ထရာအိုရေးတို့ကို အသုံးပြုကို အသုံးပြုကာ မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပထမပိုင်းပွဲချိန် ပြီးခါနီးတွင် ဝုဖ်အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား ဂျီမီနက်ဇ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် မန်စီးတီးအသင်းသည် တစ်ယောက်လျော့ ဝုဖ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေအသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၆၆ မိနစ်တွင် မန်စီးတီးအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး စတားလင်းက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် အဖွင့်ဂိုးရရှိခဲ့သည်။ စတားလင်းသည် ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ်တွင် ဝုဖ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် အကြိမ် ၂၀ နှင့်အထက် ရှိခဲ့သော်လည်း ဝုဖ်အသင်းက ဂိုးကန်သွင်းခွင့် သုံးကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု နှစ်ကြိမ် ရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

လာမည့်ပွဲစဉ်တွင် မန်စီးတီးအသင်းသည် ဒီဇင်ဘာ ၁၅ ရက်၌ လိဒ်စ်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ဝုဖ်အသင်းက ဒီဇင်ဘာ ၁၆ ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် အာဆင်နယ်က ဆောက်သမ်တန်ကို သုံးဂိုး–ဂိုးမရှိ၊ ချယ်ဆီးက လိဒ်ကို သုံးဂိုး–နှစ်ဂိုး၊ လီဗာပူးက ဗီလာကို တစ်ဂိုး–ဂိုး မရှိဖြင့် အနိုင်ရသည်။

**အောင်ဇော်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ခမ္ဘာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
